[ဆောင်] ကောဏ္ဍည–မင်္ဂ၊ သုမန၊ ရေဝ–သောဘိတာ၊
နောမ–ဒုမ၊ နာရဒ၊ မုတ္တ–သုမေဓာ၊
သုဇာ–ပိယ၊ အတ္ထပြ၊ ဓမ္မ–သိဒ္ဓတ္ထာ၊
တိဿ–ဖုဿ၊ နှစ်ဆူပြ၊ မှတ်ကြ ဝိပဿာ၊
သိခီ–ဝေဿ၊ ကကုသန္ဓ၊ ကောဏာဂမနော၊
ကဿပေါ မှတ်လော တေဝီသာ၊ ၂၃

ဘုရားအလောင်းသည် နတ်စည်းစိမ်ကဲ့သို့ ကြီးကျယ်ခန်းနားသော စည်းစိမ် တို့ကိုခံစား၍ ဝေဿန္တရာဘဝမှစုတေပြီး တုသိတာနတ်ပြည်၌ ဖြစ်ပါသည်၊

## ဝေဿန္တရာမင်း အလှူ

မြေကို တုန်လှုပ်စေနိုင်သောအလှူ၊ သားမယားကို စွန့်လွှတ်ခြင်း၊

စကြဝဠာတစ်သောင်းရှိ နတ်ဗြဟ္မာ တောင်းပန်သော ဂါထာ

ကာလော ဒေဝ မဟာဝီရ၊ ဥပ္ပဇ္ဇ မာတုကုစ္ဆိယံ၊
သဒေဝကံ တာရယန္တော၊ ဗုဇ္ဈဿု အမတံ ပဒံ၊

## ကြည့်ခြင်းငါးပါး

၁။ ဘုရားဖြစ်ရာအခါ၊ ၂။ ဘုရားဖြစ်ရာအရပ်၊
၃။ ဘုရားဖြစ်ရာကျွန်း၊ ၄။ ဘုရားဖြစ်ရာအမျိုး၊
၅။ မယ်တော် အသက်အပိုင်းအခြား၊

http://www.dhammadownload.com



မြတ်စွာဘုရား၏အမျိုး　　မင်းမျိုး၊　　အမိဝမ်း၌　　ဆယ်လ၊
စည်းစိမ်ခံစားရာအရွယ်　　၁၆–နှစ်အရွယ်၊
ပြာသာဒ်　　(၃)ဆောင်၊
သေမင်းတမန်သုံးယောက် သူအို သူနာ သူသေ၊
သေမင်းတမန်ကို မြင်ရာအရပ်　　ဉယျာဉ်၊
စတုတ္ထအကြိမ်၌　　ရဟန်းအဖြစ်ကို မြင်တော်မူသည်၊　　၅၄

ရာဟုလာဖွားကြောင်း ပြောကြား

ဆတ္တာသည်အသွင်ဖြင့်လာသော ဝိသကြုံနတ်သားသည် မင်္ဂလာရေကန် ကမ်းနား၌ ထိုင်နေသော ဘုရားလောင်းအား သားတော်ဖွားမြင်ကြောင်း ပြောကြားသည်၊

ကိသာဂေါတမီသီဆိုသောဂါထာ

နိဗ္ဗုတာ နူန သာ မာတာ၊ နိဗ္ဗုတော နူန သော ပိတာ၊
နိဗ္ဗုတာ နူန သာ နာရီ၊ ယဿာယံ ဤဒိသော ပတိ။

သားကောင်းရှိသော မယ်တော်သည်　　ဒုက္ခခပ်သိမ်း အေးငြိမ်းလေစွ၊
သားကောင်းရှိသော ဖခင်သည်　　ဒုက္ခခပ်သိမ်း အေးငြိမ်းလေစွ၊
ခင်ပွန်းကောင်းရှိသော ဇနီးသည်　　ဒုက္ခခပ်သိမ်း အေးငြိမ်းလေစွ၊
ဂါထာသီဆိုသူ　　ဘထွေးတော်၏သမီး ကိသာဂေါတမီ၊
သီဆိုခြင်းအကျိုး　　ပုလဲသွယ်ကို ရပါသည်၊　　၅၄

ပုလဲသွယ်ပေးခြင်းအကြောင်း

"ဤသူမသည် ငြိမ်းအေးကြောင်းစကားကို ကြားသိစေအပ်ပြီ"ဟု ကြံ၍ ပေးသည်၊

http://www.dhammadownload.com



တောထွက်ခြင်းအကြောင်း အိပ်ပျော်ခြင်းသို့ရောက်သော ကချေသည်မတို့၏ ဖောက်ပြန်သော အခြင်းအရာ ကိုမြင်၍ ငြီးငွေ့သော စိတ်နှလုံး ရှိသောကြောင့်၊

## တော်ထွက်ရာတွင် ပါဝင်

ဆန္ဒအမတ် ကဏ္ဍကမြင်း စကြဝဠာတစ်သောင်းရှိ နတ် ဗြဟ္မာ၊

| | |
|---|---|
| ရဟန်းပြုရာအရပ် | အနော်မာမြစ်ကမ်း၊ |
| ဗိမ္ဗိသာရမင်းနှင့် တွေ့ရာအရပ် | ပဏ္ဍဝတောင်ဝှမ်း၊ |
| ဗိမ္ဗိသာရမင်းအလှူ | မင်းအဖြစ်၊ |
| လောကီဆရာ | အာဠာရရသေ့ ဥဒကရသေ့၊ |
| တရားအားထုတ် | ( ၆ )နှစ်၊ |
| ဘုရားဖြစ်ရာနေ့ | ကဆုန်လပြည့်နေ့၊ |
| နို့ဃနာအလှူ | သုဇာတာ၊ |
| ရွှေခွက်မျှောရာမြစ် | နေရဥ္ဇရာမြစ်၊ |
| သမာပတ်ဝင်စားရာအရပ် | နေရဥ္ဇရာမြစ်အနီး ကြီးစွာသောတောအုပ်၊ |
| မြက်အလှူ | သောတ္ထိယ၊ ၅၄ |
| ဗုဒ္ဓကိုရှီးမွမ်း | ကာဠနဂါး၊ |

ပဋိညာဉ် တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်းမူ၍ အာသဝေါ တရားတို့မှ မလွတ်သေးသမျှ ဤပလ္လင်ကို မဖျက်တော့အံ့၊

မာနတ်စစ်တပ်ကို အောင်ချိန် နေမဝင်မီ၊ ၅၅

## ရသောဉာဏ် အချိန်

၁။ ပဌမယာမ် ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊

http://www.dhammadownload.com



၂။ မဇ္ဈိမယာမ် စုတူပပါတဉာဏ်၊

၃။ ပစ္ဆိမယာမ်အဆုံး၀ယ် ပဋိစ္စသမုပ္ပါဒ်၌ ဉာဏ်ကိုချသွင်း၍ အရဟတ်ဆက်ချိန်၌ (၁၀)ပါးသောအားတော် စတုဝေသာရဇ္ဇဉာဏ် အစရှိသော အလုံးစုံသော ဂုဏ်တို့ဖြင့် တန်ဆာဆင်အပ်သော သဗ္ဗညုတဉာဏ်တော်ကို ထိုးထွင်း၍ သိတော်မူသည်၊

## ဘုရားဖြစ်ပြီး သီတင်းသုံးရာအရပ်

၁။ ဗောဓိမဏ္ဍိုင်၌ (၇)သတ္တာဟ (၇ရက် × ၇လီ= ၄၉ရက်)

၂။ အဇပါလ ညောင်ပင် အနီးအောက်၌ (၇)ရက်၊

## တရားမဟောလိုခြင်းအကြောင်း

တရားတော်၏ နက်နဲသည်၏အဖြစ်ကို ဆင်ခြင်ခြင်းကြောင့်၊

ပဥ္စဝဂ္ဂီနေရပ် ကာသိတိုင်း ဣသိပတန မိဂဒါဝုန်တော၊

လမ်းမှာတွေ့သူ ဥပကတက္ကဒွန်း၊ ၅၅

ဓမ္မစကြာဟောရာဌာန ဝါဆိုလပြည့်နေ့ ဣသိပတန မိဂဒါဝုန်တော၌ ဟောတော်မူပါသည်၊

## တရားထူးရ

အညာတကောဏ္ဍည အမျိုးရှိသော ၁၈ကုဋေသော နတ်, ဗြဟ္မာ၊

ဝါဆိုလဆုတ်(၅)ရက် ပဥ္စဝဂ္ဂီငါးဦး ရဟန္တာဖြစ်၊ ယသ သောတာပန်ဖြစ်၊

ဝါဆိုလဆုတ်(၆)ရက် ယသ ရဟန္တာဖြစ်သည်၊

ယသသူငယ်ချင်း ၅၄-ယောက်၊

ဥပသမ္ပဒါအမည် ဟေဘိက္ခု ဥပသမ္ပဒါ၊

http://www.dhammadownload.com



## ရဟန္တာ(၆၁)ပါး

မြတ်စွာဘုရား၊ ပဥ္စဝဂ္ဂီငါးဦး၊ အရှင်ယသ၏ သူငယ်ချင်း (၅၄)၊
သာသနာပြု ရဟန်းတော် (၆၀)ပါး၊ ၅၅

## ဘဒ္ဒဝဂ္ဂီတို့ကို ဆုံးမရာအရပ်

မြတ်စွာဘုရားသည် ဥရုဝေလတောသို့အသွား လမ်းခရီး အကြားဝယ် ဝါပင်တောအုပ်၌ ဘဒ္ဒဝဂ္ဂီတို့ကို ဆုံးမတော်မူပါသည်၊ ဥရုဝေလစသော ရသေ့တစ်ထောင်အား ပြသောတံခိုး ၃၅၀၀၊

## ဘဒ္ဒဝဂ္ဂီဂုဏ်

အနိမ့်ဆုံးပုဂ္ဂိုလ် – သောတာပန်၊ အသာဆုံးပုဂ္ဂိုလ် – အနာဂါမ်၊

ရသေ့တစ်ထောင် ရဟန္တာဖြစ်ရာအရပ် ဂယာသီသကျောက်ဖျာ၊
ဟောအပ်သောတရား အာဒိတ္တပရိယာယဒေသနာ၊ ၅၆
ရအပ်သောတရား အရဟတ္တဖိုလ်၊
ဘုရားဖြစ်ပြီး ကြွသောတိုင်းပြည် ရာဇဂြိုလ်မြို့၊

## ဗိမ္ဗိသာရမင်းအား ဟောတရား

ရာဇဂြိုဟ်မြို့ ထန်းတောဥယျာဉ်ဝယ် တစ်သိန်းနှစ်သောင်း အခြွေအရံရှိသော ဗိမ္ဗိသာရမင်းအား တရားဟော၍ ဗိမ္ဗိသာရမင်းကို တစ်သိန်းတစ်သောင်းသော ပုဏ္ဏားသူကြွယ်နှင့်တကွ သောတာပတ္တိဖိုလ်၌ တည်စေပြီး ပုဏ္ဏားသူကြွယ် တစ်သောင်းကို သရဏဂုမ်သုံးပါး၌ တည်စေပါသည်၊

http://www.dhammadownload.com



## မြတ်စွာဘုရားကို ချီးမွမ်း

သိကြားမင်းသည် လုင်အသွင်ဖြင့် မြတ်စွာဘုရားဂုဏ်တို့ကို ချီးမွမ်းပြောဆိုသည်၊

| | |
|---|---|
| **ပုဏ္ဏားရွာ(၂)ရွာ** | ဥပတိဿရွာ ကောလိတရွာ၊ |
| **အရှင်သာရိပုတြာ ငယ်နာမည်** | ဥပတိဿ၊ |
| **မယ်တော်** | သာရိပုဏ္ဏေးမ၊ |
| **အရှင်မောဂ္ဂလ္လာန် ငယ်နာမည်** | ကောလိတ၊ ၅၆ |
| **မယ်တော်** မောဂ္ဂလိပုဏ္ဏေးမ၊ | ရွာ ကောလိတရွာ၊ |

**ဥပတိဿမည်ခြင်း** ဥပတိဿရွာငယ်၌ အမျိုးကြီး၏သားဖြစ်သောကြောင့်၊

**ကောလိတမည်ခြင်း** ကောလိတရွာငယ်၌ အမျိုးကြီး၏သားဖြစ်သောကြောင့်၊

**ဥပတိဿအခြံအရံ** ရွှေထမ်းစင်ငါးရာ လုလင်ငါးရာ၊

**ကောလိတအခြံအရံ** အာဇာနည်မြင်းကသော ရထားငါးရာ လုလင်ငါးရာ၊

**မရယ် သံဝေဂမဖြစ် ဆုမချခြင်းအကြောင်း**

ဉာဏ်၏ ရင့်ကျက်သည်၏အဖြစ်သို့ ရောက်ခြင်းကြောင့်၊

**အနက်ပေး** တောသံ ဂ္ဂါမိနာဝ နိယာမေန ဧကဒိဝသံ သမဇ္ဇံ ပဿန္တာနံ ပရိပါကဂတတ္တာ ဉာဏဿ ပုရိမဒိဝသေသု ဝိယ ဟာသိတဗ္ဗဋ္ဌာနေ ဟာသော ဝါ သံဝေဂဋ္ဌာနေ သံဝေဂေါ ဝါ ဒါတုံ ယုတ္တဋ္ဌာနေ ဒါနံ ဝါ နာဟောသိ၊

http://www.dhammadownload.com



**မကြည့်တတ်လျှင်တဏှာ ကြည့်တတ်လျှင်ဘာဝနာ**

ဤပွဲသဘင်၌ ကြည့်စရာ ဘယ်မှာရှိအံ့နည်း၊ ဤလူတွေအားလုံး အသက် တစ်ရာ မပြည့်ခင် နာမည်ပညတ် မရှိသည်၏အဖြစ်သို့ ရောက်ကြရမည်၊ ငါတို့သည် ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း တရားကို ရှာသင့်သည်၊ ၅၇

**နိဗ္ဗာန်ကို မရှာမှီ** ရဟန်းအဖြစ်ကို ရှာမှီးရမည်၊

**သိဠည်း ဘုန်းကြီးရာအခါ** ဥပတိဿ ကောလိတတို့ ရဟန်းပြုရာအခါမှစ၍၊

**ဥပတိဿ ကောလိတ ကတိကဝတ်**

မိတ်ဆွေကောလိတ ငါတို့နှစ်ယောက်တွင် အမြိုက်နိဗ္ဗာန်ကို အရင်ရသူက အခြားသူကို ပြောစတမ်း၊

**သာသနာပြုစေလွှတ်ခြင်း** ရတနာသုံးပါးတို့၏ ဂုဏ်ကို ထင်ရှားပြခြင်းဌာ၊

**အနက်ပေး**

အတ္ထိကေဟိ–တစ်စုံတစ်ခုသောအကျိုးဖြင့် အလိုရှိသူတို့သည်၊ ဥပညာတံ– သိလည်းသိအပ် ကပ်လည်းကပ်ရောက်အပ်သော၊ မဂ္ဂံ– လမ်းကြောင်းတည်း၊ **တစ်နည်း** အတ္ထိကေဟိ–အမတဖြင့် အလိုရှိသော ငါတို့သည်၊ ဥပညာတံ–မရဏရှိလျှင် အမတလည်း ရှိရမည်ဟု အနုမာနဉာဏ်ဖြင့်သာ ကပ်၍သိအပ် မှန်းဆအပ်သော နိဗ္ဗာန်ကို၊ မဂ္ဂံ– (မဂ္ဂန္တော) ရှာမှီးလျက်၊ တုမှံ ဘိက္ခုံ–ကို၊ ဝါ–၏၊

http://www.dhammadownload.com



### အဿဇိထေရ်အား ဥပတိဿ အမေးစကား

ငါ့ရှင် သင်၏ဣန္ဒြေ အလွန်ကြည်လင်ကုန်၏၊ အရေအဆင်းလည်း ထက်ဝန်းကျင် စင်ကြယ်၏၊ ထက်ဝန်းကျင်ဖြူစင်၏၊ သင်ဘယ်သူ့ကို ရည်စူး၍ ရဟန်းပြုခဲ့သလဲ သင့်ဆရာ ဘယ်သူလဲ၊ ဘယ်သူ့တရားကို နှစ်သက်သလဲ၊

### အာစရိယဝတ္တံ ကတွာ၌ အာစရိယဝတ်ပြုပုံ

အရှင်အဿဇိထေရ် ထိုင်လိုသည်၏ အဖြစ်ကိုသိ၍ ပရိဗိုဇ်အင်းပျဉ် ခင်းပေးခြင်း၊ ဆွမ်းစားပြီးရာအခါ၌လည်း မိမိရေကရားမှ ရေကပ်လှူခြင်း၊

### 'ငါသိတင်းငယ်' စသည်ဖြင့် ပြောခြင်းအကြောင်း

"ဤပရိဗိုဇ်တို့သည် သာသနာတော်၏ ဆန့်ကျင်ဘက်ဖြစ်ကုန်၏၊ "ဤပရိဗိုဇ်အား သာသနာတော်၏ နက်နဲသည်၏အဖြစ်ကို ပြအံ့"ဟု ကြံ၍ ပြောပါသည်၊ ၅၈

ဥပတိဿပရိဗိုဇ်သည် အဿဇိထေရ်ဟောအပ်သော "ယေဓမ္မာ ဟေတုပ္ပဘဝါ" စသော တရားတော်ကိုနာရ၍ နှစ်ပါဒ အဆုံး၌ နည်းတစ်ထောင်ဖြင့် တန်ဆာဆင်အပ်သော သောတာပတ္တိဖိုလ်၌ တည်ပါသည်၊

ဗုဒ္ဓဝါဒ သစ္စာလေးပါး ဟောကြားလေ့ရှိပါသည်၊ ၅၉

ဥပတိဿ ဂါထာအဆုံး၌ ကောလိတသည် သောတာပန် ဖြစ်သည်၊ အရှင်သာရိပုတြာဂုဏ် အခါခပ်သိမ်းဆရာကို ပူဇော်လေ့ရှိပါသည်၊

http://www.dhammadownload.com



## သဥ္စယ လောကဒဿန

ငါသည် လူအများ၏ ဆရာအဖြစ်ဖြင့် လှည့်လည်ခဲ့ပြီ၊ လူအများ ဆရာအဖြစ်ဖြင့် လှည့်လည်နေသောငါက အနီးနေတပည့်အဖြစ်ဖြင့် နေခြင်းသည် ရေအိုးစရည်း၏ ရေခပ်အိုးငယ်အဖြစ်သို့ ရောက်ခြင်းနှင့် တူ၏၊ ငါသည် တပည့်အဖြစ်ဖြင့် နေခြင်းငှာ မစွမ်းနိုင်၊ ဖ၀

ပါဠိစီ အဟံ မဟာဇနေဿ အာစရိယော ဟုတွာ ဝိစရိံ၊ ဝိစရန္တဿ မေ အန္တေဝါသိကဝါသော စာဋိယာ ဥဒဥ္စနဘာဝပ္ပတ္တိ ဝိယ ဟောတိ၊ န သက္ခိဿာမဟံ အန္တေဝါသိကဝါသံ ဝသိတုံ၊

## သဥ္စယသည် မိမိဝါဒကို မှန်ကန်လှသည်ဟု ယုံကြည်မှုမရှိ

"လောက၌ ပညာရှိ ပညာမဲ့ လူတန်းစားနှစ်မျိုးတွင် ပညာမဲ့သူတွေက များတယ်၊ ပညာရှိတို့သည် ပညာရှိ ရဟန်းဂေါတမထံ သွားကြလိမ့်မည်၊ ပညာမဲ့တို့သည် ပညာမဲ့ ငါသဥ္စယထံ လာကြလိမ့်မည်"ဟူသော စကားကို ထောက်၍ မိမိဝါဒကို မှန်ကန်လှသည်ဟု ယုံကြည်မှုမရှိပါ၊

## သဥ္စယ သွေးအန်ရခြင်း

ပရိဗိုဇ် ငါးရာ ဘုရားထံ လိုက်သွားသည်ဖြစ်၍ အချီးနှီးဖြစ်သော အာရာမ်ကို မြင်သောကြောင့် သွေးအန်ပါသည်၊ ဖ၀

## ဟေိ ဘိက္ခု ရဟန်းဖြစ်

မြတ်စွာဘုရားက "ဧထ ဘိက္ခဝေါ"ဟုခေါ်လိုက်လျှင် တန်ခိုးဖြင့် ပြီးသော သပိတ်သင်္ကန်းကို ဆောင်လျက် ဝါ(ဖ၀)ရ မထေရ်ကြီးတို့ကဲ့သို့ ဖြစ်သွားပါသည်၊

http://www.dhammadownload.com



အဋ္ဌသာဝကနှစ်ပါး အထက်မဂ်သုံးပါး မပြီးခြင်း
သာဝက ပါရမီဉာဏ်၏ ကြီးကျယ်သည်၏ အဖြစ်ကြောင့်၊

အရှင်မောဂ္ဂလ္လာန်သည် ရဟန်းပြုပြီး (၇)ရက်မြောက်နေ့၌ မဂဓတိုင်း ကလ္လဝါလ ရွာငယ်ကိုမှီ၍နေစဉ် ထိနမိဒ္ဓ သက်ရောက်လသော် မြတ်စွာဘုရား ပေးအပ်သော ဓာတုကမ္မဋ္ဌာန်းကို နာရသောကြောင့် ရဟန္တာဖြစ်ပါသည်၊ ဓ၁

အရှင်သာရိပုတြာသည် ရဟန်းပြုပြီး (၁၅)ရက်အလွန် မြတ်စွာဘုရား နှင့်အတူ ရာဇဂြိုလ်မြို့ ဝက်တူးလိုဏ်၌နေစဉ် မိမိတူ ဒီဃနခ ပရိဗ္ဗိုဇ်အား ဝေဒနာပရိဂ္ဂဟသုတ္တန်ကို ဟောလသော် သူများအတွက် ခူးထားအပ်သော ထမင်းကို စားရသူကဲ့သို့ ရဟန္တာ ဖြစ်ပါသည်၊

အရှင်သာရိပုတြာ ပညာကြီးလျက် နောက်မှတရားရခြင်း
ပရိကမ် ကြီးကျယ်သောကြောင့်၊ ဥပမာ–လှူဆင်းရဲတို့သည် မိမိသွားလိုရာ အရပ်သို့သွားလသော် လျင်မြန်စွာ ထွက်သွားနိုင်ကြ၏၊ မင်းတို့မှာကား ဆင်ယာဉ် ပြင်ဆင်ရခြင်းစသော ပရိကမ်များစွာ ရခြင်းငှာ လိုအပ်သကဲ့သို့တည်း၊

အဋ္ဌသာဝက ရာထူးပေးရာနေ့
အရှင်သာရိပုတြာ ရဟန္တာဖြစ်ရာနေ့ မွန်းတည့်ချိန်၌ ဝေဠုဝန် ကျောင်းတော်ဝယ် သာဝကအစည်းအဝေးကျင်းပ၍ အဋ္ဌသာဝကရာထူး ပေးပြီး ပါတိမောက် ပြတော်မူပါသည်၊ ဓ၁

http://www.dhammadownload.com



## ရဟန်းတို့ မြတ်စွာဘုရားကိုကဲ့ရဲ့

ရှေးဦးစွာ ရဟန်းပြုသော ပဥ္စဝဂ္ဂီတို့အား အဂ္ဂသာဝကရာထူး ပေးသင့်သည်၊ ဤရဟန်းတို့ကို မကြည့်လျှင် ယသထေရ်အမှူးပြုသော (၅၅)ပါးသောရဟန်း၊ ဘဒ္ဒဝဂ္ဂီ ညီနောင်သုံးကျိပ် ဥရုဝေလကဿပစသော ရသေ့ညီနောင် သုံးယောက်တို့ကို ပေးသင့်သည်၊ ဤမထေရ်ကြီးတို့ကို မကြည့်ဘဲ အလုံးစုံသောသူတို့၏ နောက်မှ ရဟန်းပြုလာ သူတို့ကို ပေးခြင်းသည် မျက်နှာလိုက်၍ ပေးခြင်းဖြစ်သည်၊

## အရှင်ကောဏ္ဍည အဂ္ဂသာဝက မဖြစ်ခြင်း

အရှင်ကောဏ္ဍညသည် တစ်ခုသောကောင်း၌ (၉) ကြိမ်တိုင်တိုင် ကောက်ဦးအလှူ ပေးလှူသော် အဂ္ဂသာဝကရာထူးကို တောင့်တ၍ လှူသည်မဟုတ်၊ အမြတ်ဆုံးတရားဖြစ်သော အရဟတ္တဖိုလ်ကို အလုံးစုံသော သူတို့ထက် ရှေးဦးစွာ ထိုးထွင်း၍ သိခြင်းငှာ တောင့်တ၍ လှူခဲ့သောကြောင့်၊ ၆၁

**ညီနောင်နှစ်ယောက်** စူဠကာဠ မဟာကာဠ၊
**လုပ်ငန်း** သလေးစိုက်ပျိုးခြင်း၊

### ကောက်ဦးအလှူ(၉)မျိုး

**[ဆောင်]** ဖုံး-နံ့-ရိတ်-ထုံး၊ လှိုင်းပုံ-တလင်း၊
နယ်-ချင့်ခြင်း၊ ကျည်သွင်း ကိုးအလှူ၊

၁။ သလေးဖုံးဦးအလှူ ၂။ စပါးနံ့ဦးအလှူ
၃။ ရိတ်ဦးအလှူ ၄။ ထုံးဦးအလှူ
၅။ ကောက်လှိုင်းစည်းဦးအလှူ ၆။ တလင်းဦးအလှူ

http://www.dhammadownload.com



၇။ တလင်းနယ်ဦးအလှူ၊ ၈။ စပါးချင့်ဦးအလှူ၊
၉။ ကျည်သွင်းဦးအလှူ၊

## တရားကျင့်သူကို တရားကပြန်လည်စောင့်ရှောက်

အလုံးစုံသောအကြိမ်တို့၌ စူဠကာဠယူအပ်ပြီးသော အရပ်သည် ပြန်၍ ပြည့်၏၊ ကောင်းစွာ ထကြွရှင်သန်ခြင်းနှင့် ပြည့်စုံ၏၊ ၆၂

## အရှင်ကောဏ္ဍည ရှေးကောင်းမှု

၁။ ၉၁ ကမ္ဘာအထက်၌ ပွင့်တော်မူသော ဝိပဿီမြတ်စွာဘုရားအား စူဠကာဠ ဖြစ်စဉ်က ကောက်ဦးအလှူ ၉ ကြိမ်လှူ၍ တရားဦး ရရန် ဆုပန်ခဲ့ခြင်း၊

၂။ ဤကမ္ဘာမှ ကမ္ဘာတစ်သိန်းအထက်၌ ဟံသာဝတီမြို့ဝယ် ပွင့်တော်မူသော ပဒုမုတ္တရ မြတ်စွာဘုရားအားလည်း ၇ ရက် အလှူပေးပြီး တရားဦးရရန် ဆုပန်ခဲ့ခြင်း၊

## ယသအဖွဲ့ ရှေးကောင်းမှု

တစ်ဆူသောဘုရားရှင်ထံ အရဟတ္တဖိုလ်ကို တောင့်တလျက် ကုသိုလ် ကောင်းမှု များစွာပြုပြီး နောက်အဘို့၌ ဘုရားမပွင့်မီ အုပ်စုဖွဲ့၍ ကုသိုလ်ပြုကြာ ကိုးကွယ်ရာမဲ့ သူသေအလောင်းတို့ကို သုတ်သင်ရင်း လှည့်လည်ကြသည်၊ တနေ့သ၌ ကိုယ်ဝန်ဆောင် မိန်းမအလောင်းကို တံစူးဝါးတို့ဖြင့် တပြောင်းပြန်ပြန် လှန်၍လှန်၍ မီးသင်္ဂြိုဟ်ရင်း အသုဘကမ္မဋ္ဌာန်း ပွားများကြသည်၊
အခြားသောသူငယ်ချင်း လေးယောက်တို့ကိုလည်း "အမောင်တို့-

http://www.dhammadownload.com



ထိုထိုအရပ်၌ ဖျက်ဆီးအပ်သော အရေရှိသော ပြောက်ကြားသော နွားမအဆင်းကဲ့သို့ မစင်မကြယ် ရှုံစဘွယ်ဖြစ်နေသော ဤအလောင်းကောင်ကို ကြည့်ကြ"ဟု ပြသည်၊ ထိုသူငယ်ချင်း ငါးယောက်တို့လည်း ရှာထဲသွားပြီး ကြွင်းသောသူငယ်ချင်းတို့အား ပြောပြကြသည်၊ ယသသတို့သားကား အိမ်သို့သွား၍ မိဘနှင့်ဇနီးတို့အား ပြောကြားသဖြင့် အိမ်သားအားလုံး အသုဘဘာဝနာ ပွားများကြပါသည်၊

ထိုသူတို့သည် ရှေးဘုရားရှင်တို့အထံ၌ အရဟတ္တဖိုလ်ကို တောင့်တ၍ ကောင်းမှုပြုပြီး နောက်အဘို့၌ ဘုရားမပွင့်မီ သေသောက်ကြူးသုံးကျိပ်ဖြစ်ကာ တုဏ္ဍိလဝက်မင်း၏ ဩဝါဒကိုနာယူ၍ အနှစ်ခြောက်သောင်းပတ်လုံး ငါးပါးသီလကို စောင့်ထိန်းခဲ့ကြသည်၊ ၆၃

| | |
|---|---|
| ၉၁–ကမ္ဘာ၌ | ဝိပဿီမြတ်စွာဘုရား၊ |
| ၉၂–ကမ္ဘာ၌ | တိဿဘုရား ဖုဿဘုရား၊ |
| ဖုဿဘုရားရှင် ခမည်းတော် | မဟိန္ဒမင်း၊ |
| ပထမ အဂ္ဂသာဝက | ညီငယ်၏သား၊ |
| ဒုတိယ အဂ္ဂသာဝက | ပုရောဟိတ်၏သား၊ |

မဟိန္ဒမင်း ဥဒါန်း

ငါ၏သာ ဘုရား၊ ငါ၏သာ တရား၊ ငါ၏သာ သံဃာ၊ နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ (၃)ကြိမ်၊

| | | | |
|---|---|---|---|
| သားကြီးအခြွေအရံ | စစ်သား | ၅၀၀၊ | |
| သားလတ်အခြွေအရံ | စစ်သား | ၃၀၀၊ | |
| သားငယ်အခြွေအရံ | စစ်သား | ၂၀၀၊ | ၆၄ |

http://www.dhammadownload.com



မင်းသားသုံးယောက်တို့၌ ကျီတိုက်စိုး ၁ယောက်၊ စာရေး ၁ယောက်၊ ကျီတိုက်စိုး စာရေးအခြံအရံ ယောကျ်ား ၁,၂၀၀၀၊

## ကဿပညီနောင် ရသေ့တစ်ထောင် ရှေးကောင်းမှု

ဝါတွင်းသုံးလပတ်လုံး ရဟန်းကိုးသောင်းအတွက် ခဲဖွယ် ဘောဇဉ် လှူဒါန်းရန် စေခိုင်းပြီး ဝါတွင်းသုံးလပတ်လုံး သက်န်းနှစ်ထည်ကိုဝတ်၍ ဆယ်ပါးသီလ ခံယူကြပြီး မြတ်စွာဘုရားနှင့်အတူ နေခဲ့ကြပါသည်၊

| ဆုပန်သောပုဂ္ဂိုလ် | ဘုရားရှင် | ကမ္ဘာ |
|---|---|---|
| ၁။အညာတကောဏ္ဍည | ဝိပဿီ | ၉၁ |
| ၂။အဂ္ဂသာဝက | အနောမဒဿီ၊ | ၁သင်္ချေ ကမ္ဘာသိန်း |
| ၃။ဥရုဝေလကဿပ | ဖုဿ | ၉၂ |

## ပြိတ္တာဖြစ်ရခြင်းအကြောင်း

ရဟန်းသံဃာမလာမီ သားသမီးတို့အား ယာဂုထမင်း စသည်တို့ကို ယူပေး၍ မိမိကိုယ်တိုင်လည်း စားကြသောကြောင့်၊ ၆၅

စာရေး ဗိမ္ဗိသာရမင်း ဖြစ်လာသည်၊

ကျီတိုက်စိုး ဝိသာခ ဥပါသကာ ဖြစ်လာသည်၊

မင်းသားသုံးယောက် ရသေ့ညီနောင်သုံးယောက် ဖြစ်လာသည်၊

အလုပ်သမား ရှစ်သောင်းလေးထောင် ဤကမ္ဘာ၌ ဘုရားလေးဆူအကြား ကာလပတ်လုံး ပြိတ္တာများ ဖြစ်ကြသည်၊

ဤကမ္ဘာ၌ ပဌမဦးဆုံး ပွင့်သောဘုရား ကကုသန်မြတ်စွာဘုရား၊

http://www.dhammadownload.com



ဘုရားတစ်ဆူနှင့်တစ်ဆူ အကြားကာလသည်
မဟာပထဝီမြေကြီး တစ်ယူဇနာ တက်သည်အထိ ကြာမြင့်သည်၊
ဤကမ္ဘာ၌ပွင့်ပြီး ဘုရားလေးဆူ ကကုသန် ကောဏာဂုမ်
ကဿပ ဂေါတမ၊
ပြိတ္တာတို့သည် ဘုရားနှစ်ဆူ အကြားကာလကို နက်ဖြန်ဟုပင်
ထင်ကြသည်၊
ဗုဒ္ဓအနုမောဒနာ "တိရောကုဋ္ဋေသု တိဋ္ဌန္တိ" စသည်၊
အရှင်သာရိပုတြာသည် များသောဥစ္စာနှစ်ရှိသော ပုဏ္ဏားမျိုး၌
သရဒ လုလင်ဖြစ်၍ အရှင်မောဂ္ဂလ္လာန်သည် များသောဥစ္စာရှိသော
သူကြွယ်မျိုး၌ သိရိဝ [1] နသူကြွယ် ဖြစ်ပါသည်၊ ၆၇

အလှူခံပုဂ္ဂိုလ်
သရဒရလုလင်သည် အထီးကျန်မွဲ လူဆင်းရဲ ခရီးသွား၊
အလှူ၏ဂုဏ်ကို ပြောဆိုချီးမွမ်းတတ်သော အလှူခံ, ဂုဏ်ကိုမပြောဘဲ
တောင်းရမ်းသူတို့အား အလှူပေးသည်၊

သရဒရသေ့ တန်ခိုး အဘိညာဉ်ငါးပါး သမာပတ်ရှစ်ပါး၊
အနောမဒဿီ ဗုဒ္ဓ မြို့တော် စန္ဒဝတီ၊
ခမည်းတော် ယသဝါ၊ မယ်တော် ယသော်ဓရာ၊
ဗောဓိပင် ထောက်ကြံ့ပင်၊ အဂ္ဂသာဝက နိသဘ အနောမ၊
အလုပ်အကျွေး ဝရုဏ၊ အဂ္ဂသာဝိကာ သုန္ဒရာ သုမနာ၊
သက်တမ်း–တသိန်း၊ ခန္ဓာကိုယ်–၅၈ တောင်၊
ကိုယ်ရောင်–၁၂ ယူဇနာ အထိပြန့်၏၊ ရဟန်းအခြံအရံ–တသိန်း၊

http://www.dhammadownload.com



အနော်မဒဿီဘုရားရှင် တပါးတည်းကြွခြင်း

"ယနေ့ ငါ၏ သရဒရသေ့ထံသို့ သွားခြင်းဟူသော အကြောင်းကြောင့် တရားဒေသနာ ကြီးကျယ်လိမ့်မည်၊ သရဒရသေ့ အဂ္ဂသာဝကရာထူး တောင့်တပြီး သရဒရသေ့၏ သူငယ်ချင်း သိရိဝ [1]န သူကြွယ်လည်း ဒုတိယအဂ္ဂသာဝကရာထူး တောင့်တလိမ့်မည်၊ ဒေသနာအဆုံး၌ သရဒရသေ့အခြံအရံ ရသေ့ ခုနစ်သောင်း လေးထောင် အရဟတ္တဖိုလ်သို့ ရောက်ကြမည်၊ ငါဘုရား ထိုအရပ်သို့ သွားသင့်၏" ဟုကြံ၍ ကြွသွားပါသည်၊

ဤလက္ခဏာတို့နှင့် ပြည့်စုံသူသည် အိမ်အလယ်မှာနေလျှင် စကြဝတေးမင်း ဖြစ်မည်၊ ရဟန်းဖြစ်လျှင် လောက၌ ဖွင့်လှစ်အပ်သော ကိလေသာအမိုးရှိသော သဗ္ဗညုဘုရား စင်စစ်ဖြစ်မည်၊ ၆၈

ဘုရားဟုသိခြင်း ဘုရားရှင်၏ အာနုဘော်နှင့် ခန္ဓာကိုယ်၏ ပြည့်စုံပုံကို မြင်ခြင်း လက္ခဏာမန္တာန်တို့ကို သုံးသပ်ခြင်းကြောင့်၊

သရဒရသေ့ထံကြွလာ ရဟန်းတစ်သိန်း အခြံအရံရှိသော အဂ္ဂသာဝက ၂ပါး၊

မကြီစည်အပ်

တန်ခိုးရှင်၏ တန်ခိုးအရာကို မကြံစည်အပ်၊ (သခ်မ်းကျောင်းတစ်ခု၌ နေရာများစွာ ခင်းထားအပ်သည်ကို မကြံစည်အပ်)၊

ပန်းနေရာခင်း

ဘုရားရှင်အတွက် ၁ယူဇနာ၊ အဂ္ဂသာဝကနှစ်ပါးအတွက်

http://www.dhammadownload.com



ဒုဂါဝုတ်၊ ကြွင်းသောရဟန်းတို့အတွက် ယူဇနာဝက်စသည်၊ သံဃာငယ်အတွက် ၁ ဥသဘ၊

### ၇–ရက်နိရောဓသမာပတ်ဝင်စားခြင်း

ရသေ့များ ပြုထားအပ်သော ပူဇော်သက္ကာရ အကျိုးများစွာ ဖြစ်ခြင်းငှါ၊

**၇–ရက်ပန်းထီးဆောင်း၍ ပီတိသုခဖြင့်နေသူ သရဒရသေ့၊ ပီတိကိုစား၍ အားရှိသူ သရဒရသေ့၊ ၆၉**

**ပန်းအနုမောဒနာပြု**

နိသဘထေရ် အနောမထေရ် အနောမဒဿီ မြတ်စွာဘုရား၊

### သရဒရသေ့ ရဟန္တာမဖြစ်ခြင်း

ပြန့်လွင့်သောစိတ်ရှိသောကြောင့် သရဒရသေ့သည် ဘုရားရှင်တို့၏ ဒုတိယနေရာ၌ထိုင်၍ သာဝကပါရမီဉာဏ်၌ တည်ပြီး တရားဟောသော အဂ္ဂသာဝက၏ တရားဒေသနာ ဟောကြားခြင်းငှါ အားထုတ်ရာ အခါမှစ၍ "နောင်အခါ ပွင့်တော် မူလတ္တံ့သော ဘုရားရှင်တို့၏ သာသနာ၌ ဤသာဝကသည် ရအပ်သောတာဝန်ကို ထမ်းဆောင်ရပါမူ ကောင်းလေစွ"ဟု စိတ်ဖြစ် သောကြောင့်၊

### ရှင်သာရိပုတြာ ဆွေးဆုတောင်း

၇–ရက်ပတ်လုံး ပန်းထီးဆောင်း၍ ပူဇော်သက္ကာရပြုရသော အကျိုးကြောင့် နိသဘထေရ်ကဲ့သို့ ဘုရားတစ်ဆူ၏ ပထမအဂ္ဂသာဝက ဖြစ်ရပါလို၏၊

http://www.dhammadownload.com



မတောင်းသောဆု   သိကြားအဖြစ် ပြဟ္မာအဖြစ်၊

အရှင်မောဂ္ဂလ္လာန် ရွေးကောင်းမှု

ဂဟပတိ မဟာသာလမျိုး၌ သိရိဝ[1]နဖြစ်စဉ်က သူငယ်ချင်း သရဒရသေ့၏ တိုက်တွန်းချက်အရ အနောမဒဿီ မြတ်စွာဘုရားအား မင်းပယ်အားဖြင့် ရှစ်ပယ်မျှလောက်သောအရပ်ကို ညီမျှသော အပြင် ရှိအောင် ပြုစေ၍ သဲကို ဖြန့်ကျဲစေ၍ ပေါက်ပေါက်လျှင် ငါးခုမြောက် ရှိသော ပန်းများ ကျဲဖြန့်စေ၍ ကြာညှိအမိုးဖြင့် မဏ္ဍပ်ထိုးကာ (၇)ရက်လုံး အလှူကြီးပေးပြီး ဒုတိယအဂ္ဂသာဝက ဆုတောင်း ခဲ့ပါသည်၊

ဂေါတမဘုရား   မယ်တော် မဟာမာယာဒေဝီ၊
ခမည်းတော် သုဒ္ဓေါဓနေ၊   သားတော် ရာဟုလာ၊
အလုပ်အကျွေး အာနန္ဒာ၊
ပဌမ အဂ္ဂသာဝက အရှင်သာရိပုတြာ၊
ဒုတိယအဂ္ဂသာဝက အရှင်မောဂ္ဂလ္လာန်၊   ၇၁

သိဋ္ဌည်းဘုရားထံ မလိုက်လိုခြင်းနှင့် စပ်၍ ဗုဒ္ဓဩဝါဒ

သိဋ္ဌည်းသည် မိစ္ဆာအယူ ရှိသည်၏အဖြစ်ကြောင့် "အသာရကို သာရ၊ သာရကို အသာရ"ဟု ယူသည်၊ သင်တို့ကား ပညာရှိသည်၏ အဖြစ်ကြောင့် သာရကို သာရ၊ အသာရကို အသာရ"ဟုသိ၍ အသာရကို ပယ်ပြီး သာရကို ယူကြသည်၊

အသာရေ သာရမတိနောအရ

ပစ္စည်းလေးပါး, ဆယ်ပါးသော မှီရာအကြောင်းရှိသော မိစ္ဆာဒိဋ္ဌိ၊ ထိုမိစ္ဆာဒိဋ္ဌိ၏ အားကြီးသော မှီရာအကြောင်းဖြစ်သော တရားဒေသနာ၊

http://www.dhammadownload.com



သာရေ စ သာရဒဿိနော္တိ သာရအရ

ဆယ်ပါးသော တည်ရာအကြောင်းရှိသော သမ္မာဒိဋ္ဌိ၊ ထိုသမ္မာ-ဒိဋ္ဌိ၏ အားကြီးသော တည်ရာအကြောင်းဖြစ်သော တရားဒေသနာ၊

တေသာရံ၌ သာရံအရ

သီလသာရ သမာဓိသာရ ပညာသာရ ဝိမုတ္တိသာရ၊

ဝိမုတ္တိဉာဏဒဿန သာရ၊ ပရမတ္ထသာရ၊ ၇၃

သာရဋ္ဌ သာရတော၌သာရအရ သီလသာရ သမာဓိသာရ စသည်၊

၉။ နန္ဒဝဂ္ဂေရဝဏ္ဏ

သုဒ္ဓေါဒနမင်းကြီးက သားတော်ကို အပင့်ခိုင်းသူများ

တမန်တစ်ယောက်လျှင် အခြံအရံ တစ်ထောင်စီရှိသောတမန် (၁၀)ယောက် (တစ်သောင်း) ၇၃

ကပိလဝတ် လမ်းခရီးကို ချီးမွမ်းသူ အလုံးစုံသော တမန်တို့၏ နောက်မှသွား၍ အရဟတ္တဖိုလ်သို့ရောက်သော ကာဠုဒါယီထေရ်၊

ကပိလဝတ်ပြည်သို့ ကြွသောဗုဒ္ဓ အခြံအရံ နှစ်သောင်း၊

ကပိလဝတ်ပြည်၌ ဟောသောဇာတ်

ဆွေမျိုးအစည်းအဝေး၌ ပေါက္ခရဝဿမိုး ရွာသွန်းဖြိုးခြင်းကို အကြောင်း ပြု၍ ဝေဿန္တရာဇာတ်၊ ရာဟုလာမယ်တော်၏ ဂုဏ်နှင့်စပ်သော စကားကိုမှီ၍ စန္ဒကိန္နရီဇာတ်၊ "သင့်သားတော်သေပြီ"ဟု နတ်ကလာပြောသောစကား မယုံကြည်ခြင်းကို အကြောင်းပြု၍ မဟာဓမ္မပါလဇာတ်ကို ဟောတော်မူပါသည်၊

http://www.dhammadownload.com



"ဥတ္တိဋ္ဌေ နပ္ပမဇ္ဇေယျ"စသောဂါထာဖြင့် သုဒ္ဓေါဒနမင်း သောတာပန်ဖြစ်၊ ၇၄

"ဓမ္မဉ္စရေ"စသော ဂါထာဖြင့် မဟာပဇာပတိဂေါတမီ သောတာပန်ဖြစ်ပြီး သုဒ္ဓေါဒနမင်း သကဒါဂါမ် ဖြစ်ပါသည်၊

## နန္ဒမင်းသား မင်္ဂလာ(၃)မျိုး

အဘိသိက်သွန်းခြင်းမင်္ဂလာ နန်းတက်ခြင်းမင်္ဂလာ ထိမ်းမြားခြင်းမင်္ဂလာ၊

"သပိတ်ကို ယူပါ"ဟုမလျှောက်ခြင်း မြတ်စွာဘုရား၌ ရိုသေခြင်းကြောင့်၊

နန္ဒ ရဟန်းပြုခြင်းအကြောင်း မြတ်စွာဘုရား၌ ရိုသေခြင်းကြောင့်၊

နန္ဒရဟန်းပြုရာနေ့ မြတ်စွာဘုရား ကပိလဝတ်ပြည်ရောက်ပြီး တတိယနေ့၊

ရာဟုလာရှင်ပြုရာနေ့ မြတ်စွာဘုရား ကပိလဝတ်ပြည် ရောက်ပြီး သတ္တမနေ့၊

မြတ်စွာဘုရားအဆင်း ဗြဟ္မာမင်း၏ အဆင်းနှင့်တူပါသည်၊

သပိတ်ယူလိမ့်မည်ဟု မျှော်လင့်ရာ ဌာန

စောင်းတန်းဦး စောင်းတန်းခြေရင်း မင်းရင်ပြင်၊ ၇၄

နန္ဒမင်းသားကို ဇနပဒကလျာဏီ မှာလိုက်သော စကား

တုဝဋ္ဋံ ခေါ အယျပုတ္တ အာဂစ္ဆေယျာသိ၊အရှင်သား မြန်မြန်ပြန်လာခဲ့ပါ၊

## ရွှေအိုးကြီးလေးလုံး မမြင်ရရာအခါ

မြတ်စွာဘုရားအလောင်း တောထွက်ရာနေ့မှစ၍ မမြင်ရတော့ပါ၊ ၇၅

http://www.dhammadownload.com



## ရာဟုလာ အမွေတောင်း

အဟံ တာတ ကုမာရော၊ အဘိသေကံ ပတ္တာ စက္ကဝတ္တိ ဘဝိဿာမိ၊ ဓနေန မေ အတ္ထော၊ ဓနံ မေ ဒေဟိ၊ သာမိကော ဟိ ပုတ္တော ပိတုသန္တကဿာတိ၊

## လောကီအမွေ မပေးခြင်းအကြောင်း

ဝဋ္ဋဆင်းရဲသို့ အစဉ်လိုက်ခြင်း ပင်ပန်းခြင်းနှင့် တကွဖြစ်ခြင်းကြောင့်၊

**ပေးအပ်သောအမွေ** ဗောဓိပင်၌ ရအပ်သော လောကုတ္တရာ အမွေ၊
**ရာဟုလာကို ရှင်ပြုပေးသူ** အရှင်သာရိပုတြာ၊

## သုဒ္ဓေါဒနမင်း တောင်းသောဆု

အရှင်ဘုရား တောင်းပန်ပါ၏ အရှင်ဘုရားတို့သည် မိဘတို့ ခွင့်မပြု အပ်သောသားကို ရှင်ပြုမပေးစေလိုပါ၊ ၇၅

ရှစ်ရက်မြောက်သောနေ့၌ မင်းနန်းတော်ဝယ် သုဒ္ဓေါဒနမင်းအား မဟာဓမ္မပါလ ဇာတ်တော်ကို ဟောတော်မူ၍ ဂါထာအဆုံး၌ အနာဂါမိဖိုလ်၌ တည်စေပါသည်၊

## ဦးနန္ဒ သာသနာတော် မပျော်ခြင်း

နန်းတော်မှ ထွက်ခွာလာစဉ်က သာကီဝင်မင်းသမီးဖြစ်သော ဇနပဒက– လျာဏီသည် ထက်ဝက်ခွဲအပ်သော ဆံပင်တို့ဖြင့် စောင်းငဲ့ကြည့်ရှုလျက် "အရှင်သား မြန်မြန် ပြန်လာခဲ့ပါ"ဟု ပြောလိုက်သော စကားကို အဖန်ဖန် အထပ်ထပ် အမှတ်ရသောကြောင့် သာသနာတော် မပျော်နိုင်ပါဘုရား၊ ၇၆

http://www.dhammadownload.com



## တာဝတိံသာနတ်ပြည်ခေါ်သွား

ဦးနန္ဒ၏ လက်ကိုဆွဲ၍ တန်ခိုးအစွမ်းဖြင့် ခေါ်သွားပါသည်၊

ကကုဋပါဒါနီအရ နီသောအဆင်းရှိသည်၏အဖြစ်ကြောင့် ခိုခြေ အဆင်းနှင့်တူသော အဆင်းရှိသော နတ်သမီးငါးရာ၊

ဓနုပဒကလျာဏီသည် မီးလောင်အပ်သောလယ်၌ မီးလောင်အပ်သော သစ်ငုတ်ဝယ် ထိုင်နေသော နားနှာခေါင်း အမြီးပြတ်သော ပါးစောင်၌ အဖုရှိသော မျောက်မနှင့်တူသည်၊ ၇၇

မြတ်စွာဘုရားနှင့် နန္ဒမင်းသား ညီအကိုဝမ်းကွဲ တော်ပါသည်၊

ပါဠိစီ ဈာမကွေတွေ ဈာမခါဏကေ နိသိန္နံ ဆိန္နကဏ္ဏ- နာသနင်္ဂုဋ္ဌံ ဇေ ပလုဋ္ဌမက္ကဋိံ၊

## ဦးနန္ဒကို ပြောင်လှောင်ကြ

ဦးနန္ဒသည် အခစားဖြစ်သတဲ့၊ မြတ်သောအကျင့်ဖြင့် နတ်သမီးတွေကို ဝယ်ယူသတဲ့၊ နတ်သမီးတို့၏ အကြောင်းကြောင့် မြတ်သောအကျင့်ကို ကျင့်သတဲ့၊ မြတ်စွာဘုရားက ဦးနန္ဒ နတ်သမီး ငါးရာရရန် ဝန်ခံသတဲ့၊

## ဝန်ခံမှုလွတ်ရာအခါ

တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်းမူ၍ အာသဝေါတရားတို့မှ ဦးနန္ဒ၏ စိတ်လွတ်ရာ အခါ၌ ဝန်ခံမှုမှ လွတ်ပါသည်၊

## ဦးနန္ဒ ရဟန္တာဖြစ်ပြီး ဗုဒ္ဓကျူးရင့်သော ဥဒါန်း

ယဿ နိတ္တိဏ္ဏော ပင်္ကော၊ မဒ္ဒိတော ကာမကဏ္ဍကော၊
မောဟက္ခယံ အနုပ္ပတ္တော၊ သုခဒုက္ခေသု နဝေဓတိ သဘိက္ခု။

http://www.dhammadownload.com



## ကောင်းစွာမိုးအပ်သော အိမ်နှင့် တူခြင်းအကြောင်း

သမထ ဝိပဿနာ ဘာဝနာတို့ဖြင့် ကောင်းစွာ တိုးပွားစေအပ်သောကြောင့်၊

ကပ္ပရှင်သည် မြည်းဖြင့် တစ်ကုမ္ဘ အတိုင်းအရှည်ရှိသော ဝန်ကိုဆောင်လျက်ဗာရာဏသီမြို့မှ တက္ကသိုလ်ပြည်သို့ (၇)ယူဇနာ သွားသည်၊ ၇၉

ပါဠိမီ သာ တေန သဒ္ဒိံ ပဋိသန္ထာရံ ကရောန္တိ အာဟ၊ "ကုတော အာဂတောသိ"တိ၊ ဗာရာဏသိတောတိ၊ ကေန ကမ္မေနာတိ၊ ဝါဏိဇ္ဇကမ္မေနာတိ၊

## မြည်းဖိုမြည်းမ အမေး အဖြေ

ဘယ်ကလာခဲ့သလဲ၊ ဗာရာဏသီမြို့က လာခဲ့တယ်၊ ဘာကိစ္စလာတာလဲ၊ ကုန်ရောင်းကုန်ဝယ်ကိစ္စနဲ့ လာတာ၊ ဝန်ဘယ်လောက်ဆောင်ရသလဲ၊ တစ်ကုမ္ဘ အတိုင်းအရှည်ရှိသော ဝန်ဆောင်ရတယ်၊ တစ်ကုမ္ဘလောက်သော ဝန်ဆောင်လျက် ဘယ်နှစ်ယူဇနာ သွားရသလဲ၊ (၇)ယူဇနာ သွားရတယ်၊ ရောက်လေရာ အရပ်တိုင်းမှာ ခြေဆုပ်နယ်မှု ကျောက်ကုန်းကို ချေးတွန်းပေး မည့်သူ ရှိသလား၊ မရှိဘူး၊ ဒီလိုဆိုကြီးစွာဒုက္ခ ခံစားနေရတာပေါ့၊ ၇၉

မြည်းဖို မြည်းမတွေ့ကြရာအရပ် ကျူးအပြင်ဘက်၊ ပရိဓါပိဋ္ဌေ၊

## ခြေဆုပ်နယ်မှု ချေးတွန်းမှုပြုမည့်သူ ရှိမရှိ မေးခြင်း

ကာမသံယောဇဉ်နှင့် ဆက်စပ်ခြင်းငှာ မေးခြင်းဖြစ်ပါသည်၊

http://www.dhammadownload.com



ပါဠိငြီ ကိစ္စာပိ တိရစ္ဆာနဂတာနံ ပါဒပရိကမ္မာဒိကာရကာနာမ နတ္ထိ၊ ကာမသံယောဇနေ ဃဋ္ဋနတ္ထာယ ပန ဝေရုပ် ကထံ ကထေသိ၊

မြည်းဖိုစိတ်ပျက်သွားခြင်း မြည်းမစကားကြောင့်၊

## အာဏာ မသုံးသင့်

ဗာရာဏသီမြို့ ပြန်မလိုက်လိုသော မြည်းဖိုအား ကပ္ပဋမည်သော ကုန်သည်က– "ဟဲ့ မြည်း–ဗာရာဏသီမြို့ကို ပြန်မလိုက်ရင် ၁၆ လက္ခရှိ သံချွန်တပ်ထားသော နှင်တံဖြင့် သင့်ကိုထိုးမည်"ဟု ပြောရာ မြည်းဖိုကလည်း "ကပ္ပဋ– ၁၆ လက္ခရှိ သံချွန်တပ်ထားသော နှင်တံဖြင့် ငါ့ကိုထိုးရင် ရှေ့ခြေနှစ်ဘက်ကိုထောက်၍ နောက်ခြေနှစ်ဖက်ဖြင့် သင်၏သွားတွေ မြေခ ကြွေကျစေမည် ဟူသောစကားကို ထောက်၍ အာဏာမသုံးသင့်ပါ၊

## လွှမ်းရေးထက် ဝမ်းရေးခက်

"သင့်အတွက် မြည်းမဆောင်ပေးမည်"လို့ ပြောခဲ့တာမှန်တယ်၊ ငါ့စကားကို မဖျက်ပါဘူး၊ ဒါပေမဲ့ ရိက္ခာကိုတော့ တစ်ကောင်စာ အတွက်သာ ပေးမယ်၊ မြည်းမအတွက် လောက် မလောက် သင်ကိုယ်တိုင် သိပါ၊ သင်တို့နှစ်ဦး ပေါင်းဖေါ်ခြင်းကို စွဲပြီး သားသမီးတွေ မွေးဖွား လာမည်၊ အဲဒီသားသမီးတွေ အတွက်လည်း ရိက္ခာလောက်မလောက်ကို သင်ကိုယ်တိုင် သိပါ"ဟုပြောလိုက်ရာ မြည်းဖိုသည် မြည်းမ၌ ငဲ့ကွက်ခြင်း မရှိတော့၊ ၈၀

## ဇာတ်ပေါင်းခန်း

မြည်းမ– ဇနပဒကလျာဏီ၊ မြည်းဖို– နန္ဒမင်းသား၊
ကုန်သည်–ဘုရားလောင်း၊

http://www.dhammadownload.com



## ၁၀။ စုန္ဒသူကရိကဝတ္ထု

### စုန္ဒသူကရိက အသက်မွေးပုံ

ဆာရာအခါ၌ လှည်းဖြင့် ကောက်စပါးတွေယူ၍ နေပုဒ်သို့ သွားပြီး တကွမ်းစား နှစ်ကွမ်းစားမျှဖြင့် ရွာဝက်ငယ်များ လှည်းအပြည့် ဝယ်ကာ အိမ်နောက် ဖေးမှာ နွားခြံပမာ ကာရံထားသည်၊ ထိုဝက်ခြံ၌ပင် စားပင်များ စိုက်ပျိုး၍ ရုံ့အမျိုးမျိုး ကိုယ်အညစ်အကြေးများစားရင်း ဝက်များကြီးထွားကြရသည်၊ သတ်လိုသော ဝက်ကို တိုင်မှာ မလှုပ်နိုင် အောင်ချည်၍ ခန္ဓာကိုယ်အသား ကြီးထွားလာစေရန် ဆောက်ပုတ်ဖြင့် ရိုက်ပြီး ခံတွင်းကိုဒုတ်ဖြင့် ထောက်၍ ဖွင့်ထားကာ ကျိုက်ကျိုက်ဆူနေသော ရေနွေးကို လောင်းချလိုက်သည်၊ ထိုရေနွေးသည် ဝမ်းတွင်းရှိ အညစ် အကြေးများ ဆောင်ယူသွား၍ ဝမ်းထဲ စင်ကြယ်သွားမှ ကျန်နေသော ရေနွေးကို ဝက်၏ကိုယ်ပေါ်၌ လောင်းချလိုက်သည်၊ မြက်မီးရှူးဖြင့် အမွေး တို့ကို မီးတိုက်၍ ထက်လှသော သံလျက်ဖြင့် ခေါင်းကို ဖြတ်သည်၊ ကျလာသောသွေးကို ခွက်ဖြင့်ခံ၍ အသားကို သွေးဖြင့်နယ်ချက်ပြီး သားမယားအလယ်၌ ထိုင်စားပြီး ကြွင်းသော အသားများကို ရောင်း ချသည်၊

| | |
|---|---|
| **ဝက်သက်သောနှစ်** | ၅၅-နှစ်၊ |
| **အရှင်လတ်လတ်ငရဲခံရသူ** | စူန္ဒသူကရိက၊ |

### အဝီစိငရဲမီးအပူ

ယူဇနာတစ်ရာ၌တည်၍ ကြည့်သူ၏မျက်လုံးတို့ကို ဖောက်ခွဲ နိုင်ပါသည်၊

http://www.dhammadownload.com



## အရှင်နာဂသေန အဆိုအမိန့်

ငရဲမီးသည် ပကတိမီးပူထက် လွန်ကဲသော အတိုင်းအရှည်ရှိ၏၊ အထွင့်တပ်အပ်သော အိမ်အတိုင်းအရှည်ရှိသော ကျောက်တုံးကြီးကို ငရဲ၌ပစ်ချ လိုက်လျှင် တစ်ခဏချင်း ကြေမွသွားနိုင်သည်။ ငရဲ၌ဖြစ်သော သတ္တဝါတို့ကား ကံ၏အစွမ်းကြောင့် အမိဝမ်း၌ ရောက်သူတို့ကဲ့သို့ မကြေမြွနိုင်၊ ၈၂

## အရှင်လတ်လတ် ငရဲခံရပုံ

အိမ်၏အလယ်၌ ပတ်ဝန်းကျင် (၇)အိမ်ကြားအောင် ဝက်အော် သလို အော်လျက် ပုဆစ်ဒူးဝမ်းတို့ဖြင့် လှည့်လည်ပြီး အရှေ့နံရံ, အနောက် နံရံတို့သို့ ပြေးသွားနေရသည်၊ (၇)ရက်ပတ်လုံး လှည့်လည်ပြီး ရှစ်ရက် မြောက်နေ့၌ သေပြီး အဝီစိငရဲသို့ ရောက်ရသည်၊

## ဗျာမ သောစတိ

"ငါသည် ကောင်းမှုကို မပြုအပ်မိလေစွ၊ မကောင်းမှုကို ပြုအပ် မိလေစွ"ဟု စင်စစ်အားဖြင့် သေခါနီးအခါ၌ ဝမ်းနည်းရ၏၊ ၈၃

ပေစ္စ သောစတိ အကျိုးကိုခံစားလသော် သေခါနီးအခါ၌ ဝမ်းနည်းရ၏၊

## ၁၁။ ဓမ္မိကဥပါသကာဝတ္ထု

## ဓမ္မိကဥပါသကာပေါင်း နှစ်သိန်းငါးသောင်း

ဥပါသကာငါးရာစီ အခြံအရံရှိသော ဓမ္မိကဥပါသကာငါးရာ၊ အကြီးဆုံးဥပါသကာ သား(၇)ယောက်၊ သမီး(၇)ယောက်၊

http://www.dhammadownload.com



**သားသမီးတစ်ယောက်တစ်ယောက်မှာ** တစ်ခုတစ်ခုသော သလာက (စာရေးတံ) ယာဂု, သလာကဘတ်, လဆန်းပက္ခ လဆုတ်ပက္ခ၌ လှူအပ်သောဆွမ်း, ပင့်ဖိတ်အပ်သောဆွမ်း, ဥပုသ်နေ့၌ လှူအပ်သောဆွမ်း,အာဂန္တုကဘတ် ဝါဆိုသင်္ကန်း၊

**[ဆောင်]** သလာနှစ်ဖြာ၊ ပက္ခိကာ၊ တစ်ဖြာ နိမန္တ၊
ဥပေါ,ဂန္တု၊ သံဃာဟု၊ မှတ်ရှု ဝါသိက၊

**သား(၃)မျိုးတွင်** မိဘကို အတုလိုက်သော အနုဇာတ သားများဖြစ်သည်၊

## သလာကယာဂု စသည် (၁၆)ပါး

သားသမီး-၁၄ ၊ မယား-၁ ၊ ဥပါသကာ-၁ အားဖြင့် (၁၆)ခု ဖြစ်ပါသည်၊

## ဓမ္မိကဥပါသကာဂုဏ်

သားမယားနှင့်တကွ သီလရှိ၏၊ ကောင်းသော ကိုယ်ကျင့်တရား ရှိ၏၊ ပေးလှူခြင်း ခွဲခြားဝေဖန်ခြင်း၌ မွေ့လျော်၏၊

ပင့်သံဃာ ၈-ပါး ၁၆-ပါးသော ရဟန်းတော်တို့သည် ဓမ္မိက ဥပါသကာကို ထက်ဝန်းကျင်ခြံရံ၍ ခင်းထားအပ်သော နေရာမှာထိုင်ပြီး အလုံးစုံသော ဘုရားရှင်တို့သည် မစွန့်လွှတ်အပ်သော "ဧကာယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ" စသော မဟာသတိပဋ္ဌာန သုတ်ကို ရွတ်ကြသည်၊

http://www.dhammadownload.com



[ဆောင်] ခြောက်ထပ်ဒေဝါ, နတ်တို့ရွာမှ, လာကြတဖန်၊
တန်ဆာရံပြီး, တစ်ထောင်သိန္နော, ကပ်ယှဉ်နော၏၊
တစ်ရာငါးဆယ်, အမြင့်ကြွယ်သည်၊
မှတ်ဘွယ် ရထား(၆)စင်းတည်း၊

နတ်ပြည်သို့ ခေါ်ဆောင်ကြ

ဒို့ နတ်ပြည်ကို ဆောင်မည်၊ အမောင် မြေခွက်ကိုခွဲပြီး ရွှေခွက်ကို ယူသကဲ့သို့ ဒို့နတ်ပြည်မှာ မွေ့လျော်ခြင်းငှာ ဤရထားမှာ ဖြစ်ပါလော၊

## ဥပါသကာ 'အာဂမေထ'ဟု ဆိုခြင်း

တရားနာခြင်း၏ အန္တရာယ်ကို အလိုမရှိသောကြောင့်၊

ရဟန်းများ ဆိတ်ဆိတ်နေခြင်း "ရဟန်းတို့ကို တားမြစ်သည်"ဟု ထင်သောကြောင့်၊

ဒုလ္လဘတရား ရဟန်းတို့ကို ဖူးမြင်ရခြင်း၊ ၈၃

## သားသမီးများ ငိုခြင်းအကြောင်း

"ဒို့အဖေဟာ ရှေးတုံးက တရားနာရတာ အားမရခဲ့၊ ယခုတော့ ရဟန်းတွေ ပင့်နိုင်း၍ ရွတ်ဖတ်သရဇ္ဈာယ်စေပြီး ကိုယ်တိုင်ပင် တားမြစ်နေသည်၊ သေဘေးမှ မကြောက်သူမရှိ"ဟု ကြံ၍ ငိုကြပါသည်၊

## တုသိတာနတ်ရထား ပန်းကုံးစွပ်ခြင်း

အလုံးစုံသော ဘုရားအလောင်း, ဘုရားမယ်တော် ခမည်းတော်တို့၏ နေရာအရပ်ဖြစ်၍ တုသိတာနတ်ပြည်သည် မွေ့လျော်ဘွယ် အကောင်းဆုံး ဖြစ်ခြင်းကြောင့် ပန်းကုံးစွပ်ပါသည်၊ ၈၄

http://www.dhammadownload.com



## ဓမ္မိကဥပါသကာ ဩဝါဒ

ငါ တုသိတာဘုံကိုသွားမည်၊ သင်တို့ မကြံစီကြလင့်၊ ငါ့အထံမှာ ဖြစ်လိုလျှင် ငါပြုတဲ့နည်းအတိုင်း ကောင်းမှုတွေပြုကြ၊

ဓမ္မိကဥပါသကာသည် ၂၅-ယူဇနာရှိသော ရွှေမိမာန်၌ နတ်သမီး တစ်ထောင် ခြံရံလျက် လှည်း(၆၀)တိုက် ဝန်ရှိသော တန်ဆာတို့ဖြင့် တန်ဆာဆင် အပ်သည်ဖြစ်၍ သုံးဂါဝုတ်ပမာဏရှိသော ခန္ဓာကိုယ်ဖြစ်သည်၊ (အခြားနေရာ၌ ယူဇနာ-၁၀ ရှိ ရွှေမိမာန်)

## ဝမ်းမြောက်ကြ

အမျိုးမျိုးသော အပြားရှိသော ကုသိုလ်ကို ပြုသူသည် "ငါသည် မကောင်းမှုကို မပြုအပ်၊ ကောင်းမှုကို ပြုအပ်ပြီ"ဟု ကံကြောင့် ဝမ်းမြောက် ရခြင်း အားဖြင့်လည်းကောင်း, တမလွန်ဘဝ၌ အကျိုးကြောင့် ဝမ်းမြောက် ရခြင်း အားဖြင့်လည်းကောင်း ဝမ်းမြောက်ရသည်၊ ၈၅

## ၁၂။ ဒေဝဒတ္တဝတ္ထု

ဇုဒ္ဒနေရာ မလ္လမင်းတို့၏ အနုပိယာနိဂုံး အနုပိယာ သရက်ဥယျာဉ်၊

ရှစ်သောင်းသော အမျိုးသားတို့သည် ဘုရားအလောင်း၏ လက္ခဏာတော် ကြီးငယ်တို့ကို ဖတ်ရာနေ့၌ပင် မြတ်စွာဘုရားကို ခြံရံဘို့ရန် ဝန်ခံကြသည်၊

ပါဠိစီ တာတ အမှာကံ ကုလာ ပဗ္ဗဇိတော နတ္ထိ၊ တွံ ဝါ ပဗ္ဗဇ၊ အဟံ ဝါ ပဗ္ဗဇိဿာမီတိ အာဟ၊ ၈၆

http://www.dhammadownload.com



ကစားကြသူများ　　　　သာကီဝင်မင်းသား ၆ယောက်၊
မရှိမုန့်ပေးသူ　　　　မြို့ကိုသိမ်းပိုက်သော မြို့စောင့်နတ်၊
အားကစား အကြိမ်ကြိမ် ရှုံးသူ　အနုရုဒ္ဓါ၊

ဆုတောင်းစရာ လိုမလို

အနုရုဒ္ဓါ သာကီဝင်မင်းသားသည် အန္နဘာရဖြစ်ရာအခါ၌ မိမိဘို့ဖြစ်သော ထမင်းကို ဥပရိဋ္ဌ ပစ္စေကဗုဒ္ဓါအားလှူ၍ "မရှိဟူသော စကား မကြားရပါစေနှင့်၊ ဘောဇဉ်ဖြစ်ရာအရပ်ကိုလည်း မသိရပါစေနှင့်" ဆုတောင်းခဲ့သောကြောင့် ဆုတောင်းရန် လိုအပ်ပါသည်၊

## မြို့စောင့်နတ် ထိတ်လန့်

"အနုရုဒ္ဓါသာကီဝင်မင်းသားသည် အန္နဘာရ။ပ။ဆုတောင်းခဲ့သည်၊ အနုရုဒ္ဓါ သာကီဝင်မင်းသား အချိုးနှီးသောခွက်ကို မြင်သွားလျှင် ငါတို့နတ်သဘင် အစည်းအဝေး ဝင်ခွင့်ရတော့မှာ မဟုတ်၊ ငါတို့ရဲ့ ဦးခေါင်းလည်း (၇)စိပ်ကွဲမည်"ဟု ကြံ၍ ထိတ်လန့်ကြပါသည်၊

ပါဠိစီ　တဿာ　ဝုဍ္ဍမဏ္ဍလေ ဌပေတွာ ဥဏ္ဍိဋ္ဌိတမတ္တာယ ပူဝဂန္ဓော သကလနဂရေ ဆာဒေတွာ ဋ္ဌိတော၊ ပူဝခဏ္ဍံ မုခေ ဌပိတမတ္တမေဝ သတ္တရသဟာရဏီ သဟဿာနိ အနုဖရိ၊　၈၇

## နတ်မုန့်အရသာ

မုန့်ဖြင့်ပြည့်သော ရွှေခွက်ကို ပုံသုင်းကစားကွင်းမှာ ထားပြီးဖွင့်လိုက်လျှင်ပင် မုန့်နံ့သည် တစ်မြို့လုံးကို လွှမ်းသွားပြီး မုန့်ပိုင်းကို ခံတွင်း၌ ထားလိုက်လျှင် အရသာကိုဆောင် ၇-ထောင်သော အကြောတို့ကို ပြန့်နှံ့သွားသည်၊

http://www.dhammadownload.com



## မိခင်မေတ္တာ

မျက်စိတစ်ဖက်ရှိသူ၏ မျက်စိကဲ့သို့ နှလုံးသားကဲ့သို့ အလွန်ချစ်လှပါသည်၊

**အနုရုဒ္ဓါဂုဏ်** သိမ်မွေ့၏၊ စည်းစိမ်နှင့်ပြည့်စုံ၏၊ မရှိဟူသောစကားကို မကြားဘူး၊ ဘုန်းကံရှိ၏၊ ရှေးရှုဆောင်ကြောင်း ဆုတောင်းမှုရှိ၏၊

**နတ်မုန့်စားရာကာလ** အိမ်၏အလယ်၌ နေသမျှကာလပတ်လုံး၊

**ပါဠိစီ** သြဟာရိတ ကေသမဿုနာ ကာသာယနိဝတ္ထေန ကဋ္ဌတ္ထရကေဝါ မိဒလမဉ္စကေဝါ နိပဇ္ဇိတွာ ပိဏ္ဍာယ စရန္တေန ဝိဟာရိတဗ္ဗံ။

## ရဟန်းဘဝဆိုတာ

ဆံမုတ်ဆိတ် ကျင်စွယ်ရိတ်ပယ်၍ ဖန်ရည်ဆိုးအဝတ်ဝတ်ပြီး သစ်သား အခင်း ကျဲသောညောင်စောင်း၌အိပ်၍ ဆွမ်းအလို့ငှါ လှည့်လည်ခြင်းဖြင့် နေရမည်၊

## ထမင်းဖြစ်ရာအရပ်မသိသူ ၃ ယောက်

**ကိမိလ** ကျီတိုက်၌ဖြစ်၏၊ ကျီတိုက်မှစပါးတွေ ထုတ်ဆောင်နေသည်ကို မြင်သောကြောင့်၊

**ဘဒ္ဒိယ** ထမင်းအိုး၌ဖြစ်၏၊ ထမင်းအိုးမှ ထမင်းခူးနေသည်ကို မြင်သောကြောင့်၊

**အနုရုဒ္ဓါ** ရတနာဖြင့် စီချယ်အပ်သော ရွှေခွက်၌ဖြစ်၏၊ စပါးထောင်းနေတာလည်း မမြင်၊ ထမင်းခူးနေတာလည်း မမြင်၊ ခူးပြီး

http://www.dhammadownload.com



ရှေ့မှာချထား အပ်သော ရွှေခွက်ကိုသာ မြင်သောကြောင့်၊

**သာကီဝင်မင်းသား(၆)ယောက်**

**စည်းစိမ်ခံစားရာကာလ** (၇)ရက်၊

**အခြံအရံ** အင်္ဂါလေးပါးရှိသော စစ်တပ်၊

**မင်းသား(၆)ယောက်နှင့် ဥပါလိလမ်းခွဲရာအခါ၌**

တောအုပ်သည် ငိုကြွေး ခြင်းသို့ ရောက်သကဲ့သို့လည်းကောင်း, မဟာပထဝီမြေကြီးသည် တုန်လှုပ်သော အခြင်းအရာသို့ ရောက်သကဲ့သို့ လည်းကောင်း ဖြစ်ပါသည်၊

## ဥပါလိ မင်းသားများထံ ပြန်လာခြင်း

"သာကီဝင်မင်းသားတို့သည် ကြမ်းတမ်းကုန်၏၊ ဥပါလိသည် မင်းသားတွေကို ထွက်သွားစေအပ်ပြီ"ဟုကြံ၍ ငါ့ကို သတ်ကြလိမ့်မည်၊ ဤမင်းသားတွေသော်မှ အဖိုးမဖြတ်နိုင်သော တန်ဆာတွေကို တံထွေး ပေါက်လို စွန့်၍ ရဟန်းပြုကြသေး၏၊ ငါ အဘယ့်ကြောင့် ရဟန်းမပြုနိုင် အံ့နည်း"ဟု ကြံ၍ ပြန်လာသည်၊ ၈၈

**[ဆောင်]** အာနန်-ဒေဝ၊ ဘဒ္ဒ-အနု၊ ဘဂု-ကိမိ၊ ၆-ယောက်ရှိ၊
သာကီဆွေသဟာ၊ ဥပါလိလျှင်၊ အတူဝင်၊ မြတ်ရှင်သာသနာ၊
အာနန္ဒာ ဒေဝဒတ် ဘဒ္ဒိယ အနုရုဒ္ဓါ ဘဂု ကိမိလ ဥပါလိ၊

## သာကီဝင်မင်းသား မာန်ချိုးနှိမ်

"အရှင်ဘုရား တပည့်တော် သာကီဝင်မင်းသားတို့သည် မာနကြီးပါ၏၊ ဤဥပါလိသည် ရှည်စွာသောညဥ့်ပတ်လုံး တပည့်တော် တို့၏ အလုပ်အကျွေး ဖြစ်ပါသည်၊ ဤဥပါလိကို ရှေးဦးစွာ ရဟန်းပြုပေး

http://www.dhammadownload.com



ကြပါ၊ ဤဥပါလိကို တပည့်တော်တို့ ရှိခိုးမှုစသည် ပြုကြပါမည်၊ ဤနည်းဖြင့် တပည့်တော်တို့၏ မာန်မာနပျောက်သွားပါလိမ့်မည်"ဟု မြတ်စွာဘုရားအား လျှောက်ထား၍ ဥပါလိကို ရှေးဦးစွာ ရဟန်းပြုစေပြီးမှ မိမိတို့ကိုယ်တိုင် ရဟန်းပြုကြပါသည်၊

[ဆောင်]
ဘဒ္ဒိယမှာ ဝါတွင်းသာ၊ ဝိဇ္ဇာသုံးပါးရ၊
အနုရုဒ္ဓါ၊ မှတ်ကြပါ၊ ဒိဗ္ဗစက္ခုရ၊
နောက်မှဝိတက်၊ နှံတုံလစ်၊ ဖြစ်ချက် အရဟတ္တ၊
အာနန္ဒာမှန်၊ သောတာပန်ပ၊
ကိမိ-ဘဂု၊ ဝိပဿနာ ဖြစ်မှု ရဟန္တာ၊
ဒေဝဒတ်မှာ၊ ပုထုဇာ၊ ပြည့်စွာတန်ခိုးရ၊

လာဘ်ပေါချိန် ကောသမ္ဗီမြို့၌နေစဉ် သာဝကသံဃာနှင့် မြတ်စွာဘုရား အား လာဘ်ပေါများပါသည်၊

## လာဘ်ပေါများသထေရ်

အရှင်သာရိပုတြာ အရှင်မောဂ္ဂလ္လာန် အရှင်မဟာကဿပ ဘဒ္ဒိယထေရ် အနုရုဒ္ဓါထေရ် အာနန္ဒာထေရ် ဘဂုထေရ် ကိမိလထေရ် စသော မဟာသာဝက(၈၀)၊

## တူ မတူ

ငါလည်း ဘဒ္ဒိယစသည်တို့နှင့် အတူ ရဟန်းပြုလာတယ်၊ သူတို့လည်း မင်းမျိုးမှ ရဟန်းပြုသည်၊ ငါလည်း မင်းမျိုးမှ ရဟန်းပြုသည်၊ လာဘသက္ကာရကို လက်စွဲသော လူတို့သည် ဘဒ္ဒိယစသောထေရ် တို့ကိုသာ ရှာမှီးကြ၏၊ ငါ့နာမည် ခေါ်မည့်သူပင် မရှိ၊ ၈၉

http://www.dhammadownload.com



ဒေဝဒတ်မပေါင်းလို      ဗိမ္ဗိသာရမင်း ကောသလမင်း၊

## ဗိမ္ဗိသာရနှင့် မပေါင်းခြင်းအကြောင်း

ဗိမ္ဗိသာရမင်းသည် မြတ်စွာဘုရားကို ပထမဖူးမြင်ခြင်းဖြင့်ပင် တစ်သိန်း တစ်သောင်းသော ပုဏ္ဏားသူကြွယ်တို့နှင့်အတူ သောတာပတ္တိဖိုလ်၌ တည်ပြီး ဖြစ်သောကြောင့်၊

အဇာတသတ်နှင့် ပေါင်းခြင်း အဇာတသတ်မင်းသည် တစ်စုံတစ်ယောက်၏ ဂုဏ်အပြစ်တို့ကို မသိသောကြောင့်၊

## မြွေ(၇)ကောင်ဖြင့် တန်ခိုးပြ

ကောသမ္ဗီမြို့မှ ရာဇဂြိုဟ်မြို့သို့ သွား၍ မင်းသားအသွင်ဖန်ဆင်းပြီး အဆိပ်ပြင်းသော မြွေလေးကောင်တို့ကို လက် ခြေလေးဘက်တို့၌, တစ်ကောင်ကို လည်ပင်း၌, တစ်ကောင်ကို ဦးခေါင်း၌ ခေါင်းခုပြု၍ တစ်ကောင်ကို လက်ဝဲတစ်ဘက် ပုခုံးထက်၌ထားပြီး ကောင်းကင်မှ သက်ဆင်းကာ အဇာတသတ် မင်းသား၏ ရင်ခွင်၌ ထိုင်သည်၊ ၉၀

## အတ္တဘောကို ရုပ်သိမ်းခြင်း

အဇာတသတ်မင်း၏ ကြောက်ခြင်းကို ပယ်ဖျောက်ခြင်းငှာ၊
သံဃပရိသတ် လိုချင်ခြင်း လာဘသက္ကာရ လွှမ်းမိုးအပ်သောကြောင့်၊

တန်ခိုးကွယ်ချိန် "ရဟန်းသံဃာကို ကိုယ့်တပည့်အဖြစ်ဖြင့်ရွက်ဆောင်မည်"ဟု ယုတ်မာသောစိတ် ဖြစ်သည်နှင့် တပြိုင်နက်တန်ခိုးကွယ်ပါသည်၊

http://www.dhammadownload.com



## ပထမအကြိမ် ဗုဒ္ဓ ရန်ငြိုးဖွဲ့ခြင်း

"မြတ်စွာဘုရား မြတ်စွာဘုရားသည် ယခုအခါ အိုမင်း ကြီးရင့်ပါပြီ၊ ကြီးသည့်၏ အဖြစ်ကို ယူတတ်ပါပြီ၊ ကြောင့်ကြမစိုက်ဘဲ မျက်မှောက်ဘဝ၌ ချမ်းသာစွာနေကြောင်း ဖလသမာပတ်ကို အားထုတ်တော်မူပါ၊ ရဟန်းသံဃာကို တပည့်တော် ရှက်ဆောင်ပါမည်၊ တပည့်တော်အား ရဟန်းသံဃာကို အပ်နှင်းတော် မူပါ"ဟု ဒေဝဒတ်က မြတ်စွာဘုရားအား လျှောက်ထားရာ မြတ်စွာဘုရားက "သူများထွေးသော ပစ္စည်းလေးပါးဟူသော တံထွေးကိုစားမျိုသူ" ဟူသော ဝါဒဖြင့် မောင်းမဲသောကြောင့် ရန်ငြိုးဖွဲ့ပါသည်၊

## သံဃာအပ်ရန် ခွင့်တောင်း

ဒေဝဒတ်သည် ရာဇဂြိုဟ်မြို့ဝယ် မင်းနှင့်တကွဖြစ်သော ပရိသတ်အလယ်၌ မြတ်စွာဘုရားကို သံဃာအပ်ရန် တောင်းဆိုခဲ့သည်၊

| | |
|---|---|
| **ဗုဒ္ဓကိုသတ်ရန်ကြိုးစားသူများ** | သောတာပန်ဖြစ်ကြသည်၊ |
| **ရဟိရုပ္ပါဒကံပြုရာတောင်** | ဂိဇ္ဈကုဋ်တောင်၊ |
| **ဗုဒ္ဓကို အသက်ပေးလှူ** | အရှင်အာနန္ဒာ၊ |
| **ရာဇဂြိုဟ်မြို့လူဦးရေ** | ၁၈–ကုဋေ၊ |

**ရှင်အာနန္ဒာကို အကြောင်းပြု၍ ဟောအပ်သောဇာတ်**

စူဠဟံသဇာတ် မဟာဟံသဇာတ် ကက္ကဋကဇာတ်၊

**ဟောခြင်းအကြောင်း**

သတ်မည်အကြံဖြင့် နာဠဂိရိဆင်ကြီး ဘုရားထံ ပြေးလာသောအခါ အရှင်အာနန္ဒာသည် မိမိအသက်ကို မြတ်စွာဘုရားအားလှူ၍ မြတ်စွာဘုရားရှေ့မှ ရပ်ခဲ့သောကြောင့်၊

http://www.dhammadownload.com



## ဒေဝဒတ် ဖြစ်မှု မထင်ရှားရာအခါ

၁။ အဇာတသတ်မင်းသားအား ခမည်းတော် ဗိမ္ဗိသာရမင်းကို သတ်နိုင်းရာအခါ၊

၂။ မြတ်စွာဘုရားကိုသတ်ရန် လေးသမားတို့ကို စေလွှတ်ရာအခါ၊

၃။ ကိုယ်တိုင် ဂိဇ္ဈကုဋ်တော်ပေါ်တက်၍ ကျောက်မောင်းဆင်ပြီး ကျောက်တုံးကို လှိမ့်ချရာအခါ၊

ဖြစ်မှုထင်ရှားရာအခါ နာဠာဂိရိဆင်ကို စေလွှတ်ရာအခါ၊

အနက်ပေး ဒေဝဒတ္တဿာပိ ကမ္မံ နေဝ ပါကဋံ၊ တထာ ရညော မာရာပိတတ္တာ, န ဝဓကာနံ ပယောဇိတတ္တာ, န သိလာယ အပဝိဒ္ဓတ္တာ ပါကဋံ အဟောသိ၊ ယထာ နာဠာဂိရိဟတ္ထိနော ဝိဿဇ္ဇိတတ္တာ။

ဒေဝဒတ္တဿာပိ-၏လည်း၊ နာဠာဂိရိဟတ္ထိနော-၏၊ ဝါ-ကို၊ ဝိဿဇ္ဇိတတ္တာ-စေလွှတ်အပ်သည်၏ အဖြစ်ကြောင့်၊ ကမ္မံ-သည်၊ ပါကဋံ-သည်၊ အဟောသိ ယထာ၊ တထာ၊ ရညော-၏၊ ဝါ-ကို၊ မာရာပိတတ္တာ-သေစေအပ်သည် အဖြစ်ကြောင့်၊ ဝါ-သတ်အပ်သည်၏ အဖြစ်ကြောင့်၊ ကမ္မံ ပါကဋံ နေဝ အဟောသိ၊ ဝဓကာနံ - လူသတ်သမားတို့၏ ဝါ-တို့ကို၊ ပယောဇိတတ္တာ-စေလွှတ်အပ်သည်၏ အဖြစ်ကြောင့်၊ ကမ္မံ ပါကဋံ နအဟောသိ၊ သိလာယ-ကျောက်တုံး၏၊ ဝါ-ကို၊ ပဝိဒ္ဓတ္တာ-လှိမ့်ချအပ်သည်၏ အဖြစ်ကြောင့်၊ ကမ္မံ ပါကဋံ န အဟောသိ၊

ပါဠိစီ ရာဇာပိ ဒေဝဒတ္တေနေဝ မာရာပိတော၊ ဝဓကောပိ ပယောဇိတော၊ သိလာပိ အပဝိဒ္ဓါ၊ တ္တဒါနိ ပန တေန နာဠာဂိရိ ဝိဿဇ္ဇာပိတော၊

http://www.dhammadownload.com



**ထမင်းအိုးငါးရာမပို့ ဒေဝဒတ်ကို မချဉ်းကပ်ခြင်းအကြောင်း**
လူအများစကားကို ကြားရသောကြောင့်၊

**ဒေဝဒတ် လာဘ်နည်းခြင်းအကြောင်း**

အဇာတသတ်က ထမင်းအိုးငါးရာ မပို့ခြင်း၊ မြို့သူမြို့သားတို့က ဆွမ်းမလောင်းခြင်းကြောင့်၊ ၉၁
**ဝတ္ထုငါးပါးတောင်းခြင်း ကြွားဝါ၍ အသက်မွေးလိုသောကြောင့်၊**

**ဝတ္ထု(၅)ပါးတောင်း**

ရဟန်းတော်အားလုံး ရာသက်ပန် အာရညကင်စုတင် ဆောက်တည် ရမည်၊ ရဟန်းတော်အားလုံး ရာသက်ပန် ပိဏ္ဍပါတ်စုတင်၊ ပံသုကူစုတင်၊ ရုက္ခမူစုတင် ဆောက်တည်ရမည်၊ ငါး အမဲ မစားရ၊
(ဆောင်) အာရုံ-ပိဏ္ဍာ၊ ပံ-ရုက္ခနှင့် မစ္ဆ-မံသာ၊
ဤငါးဖြာ၊ တောင်းလာ ဒေဝဒတ်၊

**ဒေဝဒတ်မဲဆွယ်စည်းရုံး ဒုက္ခမှလွတ်လိုသူများ ငါနှင့်အတူ လိုက်ခဲ့ကြ၊**

**လမ်းမှားလိုက်မိ** ရဟန်းပြုတာ မကြာသေး၍ အသိဉာဏ် နည်းပါး ဝဇ္ဇီတိုင်းသား ရဟန်းငါးရာ၊

**ဒေဝဒတ်ကိုကြည်ညို** ခေါင်းခေါင်းပါးပါး ကျင့်မှုဖြင့် ကြည်ညိုသူများ၊

**သတ်သတ်လွတ်ဝါဒ ဗုဒ္ဓဝါဒဟုတ်မဟုတ်**

မဟုတ်ပါ၊ ဗုဒ္ဓသည် သတ်သတ်လွတ်စားခြင်းအပါအဝင် ဒေဝဒတ်၏ ဆုငါးမျိုးကို ပယ်ချခဲ့သောကြောင့်၊ ၉၁

http://www.dhammadownload.com



ပါဠိစီ အဓွတဂ္ဂေ ဒါနာဟံ အာဂုသော အာနန္ဒ အညတြေဝ ဘဂဝတာ အညတြ ဘိက္ခုသံဃာ ဥပေါသထံ ကရိဿာမိ၊

ဗုဒ္ဓ ဥဒါန်းဂါထာ

သုကရံ သာဓုနာ သာဓု၊ သာဓု ပါပေန ဒုက္ကရံ။ ပ ။ မရိယေဟိ ဒုက္ကရံ။

**သံဃာသင်းခွဲရာနေ့** ဥပုသ်နေ့၊ ၉၂

## ဒေဝဒတ်ကိုမဲပေး

ပညတ်အပ်ပြီးသော သိက္ခာပုဒ်ကို မသိသော ဝဇ္ဇီတိုင်းသား ရဟန်းငယ်ငါးရာ၊

ပါဠိစီ ပဉ္စသတေဟိ ဝဇ္ဇိပုတ္တကေဟိ နဝကေဟိ အပ္ပကတညုဟိ သလာကာယ ဂဟိတာယ၊ ၉၂

## ဒေဝဒတ်လုပ်ရပ်

၁။ သံဃာ့ပရိသတ် မအပ်နှင်းခြင်းကြောင့် မြတ်စွာဘုရားကို ရန်ငြိုးဖွဲ့ခြင်း၊
၂။ မြတ်စွာဘုရားကို လုပ်ကြံရန် လေးသမားတို့ကို စေလွှတ်ခဲ့ခြင်း၊
၃။ ဂိဇ္ဈကုဋ်တောင်ပေါ်တက်၍ ကျောက်မောင်းဆင်ပြီး လှိမ့်ချခြင်း၊
၄။ မြတ်စွာဘုရားကို လုပ်ကြံရန် နာဠာဂိရိဆင်ကို စေလွှတ်ခြင်း၊
၅။ ဝဇ္ဇီတိုင်းသား ရဟန်းငါးရာကို ခေါ်၍ သံဃာသင်းခွဲခြင်း၊

## ရဟန်းငါးရာ ပြန်ခေါ်လာ

အဂ္ဂသာဝကနှစ်ပါးတို့သည် ရဟန်းငါးရာတို့ကို အာဒေသနာပါဋိဟာရိယာနုသာသနီ ဣဒ္ဓိပါဋိဟာရိယာနုသာသနီတို့ဖြင့် ဆုံးမ၍ အမြိုက်ရေကို သောက်စေပြီး ဂယာသီသအရပ်မှ ကောင်းကင်ခရီးဖြင့် ခေါ်ဆောင်လာပါသည်၊

http://www.dhammadownload.com



ဒေဝဒတ်ကို ဒူးဖြင့်တိုက်သူ ကောကာလိက၊ ၉၂

ဥဘတော ပရိဟီနော၌ ဥဘသရုပ်

လာဘာသက္ကာရ၊ သမထဖြစ်ကြောင်း ကောင်းသောဈာန်တရား၊

ဒေဝဒတ် မကျမ္မာရာကာလ ၉-လ၊ နဝမာသေ၊

ဘုရား ဖူးခွင့်မရသောအချိန် ဝတ္ထုငါးပါးကို တောင်းရာ အခါမှစ၍ ဖူးခွင့်မရတော့ပါ၊

ဒေဝဒတ်မြေမျိုရာအရပ် ဇေတဝန်ကျောင်းတိုက် ရေကန်၏ ကမ်းနား၌၊

မြေမျိုပုံ

ခြေနှစ်ဘက်မှစ၍ အစဉ်အတိုင်း ဖမျက်, ပုဆစ်ဒူးဝမ်း, ခါး, သားမြတ်, လည်ပင်း, မေးရိုးတို့ကို မျိုပါသည်၊ ဂေါပ္ဖက ဇဏ္ဏုက ကဋိ ထန ဂီဝ ဟနုကဋ္ဌက၊

မေးရိုးကိုမြေမျိုရာအခါ ဗုဒ္ဓဝန္ဒနာ

ဣမေဟိ အဋ္ဌိဟိ တမဂ္ဂပုဂ္ဂလံ၊ ဒေဝါတိဒေဝံ နရဒမ္မသာရထိံ၊

သမန္တစက္ခုံ သတပုညလက္ခဏံ၊ ပါဏေဟိ ဗုဒ္ဓံ သရဏံ ဥပေမိ၊

ရဟန်းပြုခွင့်ပေးခြင်းအကြောင်း

"ဒေဝဒတ်သည် ရဟန်းပြုခွင့်မရလျှင်လည်း လူ့ဘဝဖြင့် ဝန်လေးသော အမှုကို ပြုမည့်သူပင်ဖြစ်၍ နောင်အခါ ဘဝမှ ထွက်မြောက်ခြင်း၏ အကြောင်းကို ပြုခြင်းငှာ မစွမ်းနိုင်ရာ၊ ရဟန်းဘဝ ရောက်မှ ဝန်လေးသောအမှုကို ပြုလျှင်ကား နောင်အခါ ဘဝမှ ထွက်မြောက်ခြင်း၏ အကြောင်းကို ပြုစွမ်းနိုင်လိမ့်မည်"ဟု မြင်တော်မူသောကြောင့် ရဟန်းပြုခွင့် ပေးတော်မူပါသည်၊

http://www.dhammadownload.com



**အဝီစိမှလွတ်မည့်အချိန်** ကမ္ဘာတစ်သိန်းအထက်၌၊
**ပစ္စေကဗုဒ္ဓါအမည်** အင်္ဂီဿရ ပစ္စေကဗုဒ္ဓါ၊

**မတုန်မလှုပ်ငရဲခံရခြင်းအကြောင်း**

မတုန်လှုပ်သော မြတ်စွာဘုရား၌ ပြစ်မှားခဲ့သောကြောင့်၊

**မတုန်မလှုပ် ငရဲခံရ**

ယူဇနာတစ်ရာရှိသော အဝီစိငရဲအတွင်း၌ ယူဇနာတစ်ရာ မြင့်သော ခန္ဓာကိုယ်ဖြစ်၍ ဦးခေါင်းည် နားရွက်ဖျားတိုင်အောင် အထက် သံအိုးကင်းသို့ ဝင်သည်။ ခြေတို့သည် ဖမျက်တိုင်အောင် အောက်သံမြေသို့ ဝင်သည်၊

ကြီးစွာသော ထန်းလုံးပမာဏရှိသော သံတံကျင်သည် အနောက် နံရံမှထွက်၍ ကျောက်ကုန်းအလယ်ကို ဖောက်ခွဲပြီး ရင်မှထွက်၍ အရှေ့ နံရံသို့ ဝင်သည်၊ အခြားသော သံတံကျင်သည် တောင်နံရံမှ ထွက်၍ လကျ်ာနံပါးကို ဖောက်ခွဲပြီး လက်ဝဲနံပါးမှထွက်ကာ မြောက်နံရံသို့ ဝင်သွားသည်၊ အခြားသော သံတံကျင်သည် အထက်သံအိုးကင်းမှထွက်၍ ဦးထိပ်ကိုဖောက်ခွဲကာ အောက်အဖို့ဖြင့်ထွက်ပြီး သံမြေသို့ဝင်သည်၊ (အရှေ့အရပ်ကို မျက်နှာမူနေသည်ဟု မှတ်ပါ)၊

**လမ်းမှားယောကျ်ား မြေမျိုခံရခြင်းအကြောင်း**

လမ်းမှားသောယောကျ်ားကို သက်သာရာရစေ၍ ကျောက်ကုန်းပေါ် တင်ကာ ဘေးကင်းရာသို့အရောက် ပို့ပေးသော ဘုရားလောင်းဆင်မင်း၏ အစွယ်တို့ကို အရင်း အဖျား အလယ်တို့၌ သုံးကြိမ်တိုင်တိုင် ဖြတ်သောကြောင့်၊

http://www.dhammadownload.com



မြေမျိုချိန် ဘုရားလောင်းဆင်မင်း၏ မျက်စိကွယ် လောက်ရာ လမ်းကြောင်းကို စွန့်ရာအခါ၌ မြေမျိုသည်၊

### ဒေဝဒတ်မြေမျိုသော ဇာတ်

ဘုရားအလောင်း ခန္တိဝါဒီရသေ့ကိုပြစ်မှား၍ ကလာဗုမင်း၏ မြေမျိုခြင်းကိုပြသော **ခန္တီဝါဒီဇာတ်**၊ စူဠဓမ္မပါလကို ပြစ်မှား၍ မဟာပတာပမင်း၏ မြေမျိုခြင်းကိုပြသော **စူဠဓမ္မပါလဇာတ်**၊ ဒေဝဒတ် မြေမျိုရာအခါ၌ ဝမ်းမြောက်ခြင်းကို အကြောင်းပြု၍ ဝိဂ်လဇာတ်တို့ကို ဟောတော်မူပါသည်၊

| ဘုရားလောင်း | ဒေဝဒတ် ယှဉ်တွဲဖြစ်ရာဘဝ |
|---|---|
| ၁။ ဆင်မင်း | လမ်းမှားသောယောကျ်ား |
| ၂။ ခန္တိဝါဒီရသေ့ | ကလာဗုမင်း |
| ၃။ စူဠဓမ္မပါလဇာတ် | မဟာပတာပမင်း၊ |

### ဣဓ တပ္ပတိ

ဤလောက၌ ကံကြောင့် ပူပန်ရခြင်းဟူသော စိတ်ဆင်းရဲခြင်း မှုဖြင့် ပူပန်ရ၏၊ ၉၇

ပေစ္စ တပ္ပတိ နောက်လောက၌ အကျိုးကြောင့် ပူပန်ရခြင်း ဟူသော အလွန်ကြမ်းတမ်းသော အပါယ်ဆင်းရဲဖြင့် ပူပန်ရပါသည်၊

### ၁၃။ သုမနဒေဝီဝတ္ထု

အနာထပိဏ် ဝိသာခါအိမ်တို့၌ ရဟန်းနှစ်ထောင်စီ ဆွမ်းစားကြသည်၊

http://www.dhammadownload.com



## အလှူမှန်က အနာထပိဏ် ဝိသာခါ ပါရ

"သင်တို့ အလှူမဏ္ဍပ်သို့ အနာထပိဏ် ဝိသာခါ လာကြသလား"ဟုမေး၍ "မလာ"ဟုပြောလျှင် တစ်သိန်းကုန်လှူသော အလှူပင်ဖြစ်စေကာမူ ဒီအလှူက ဘယ်လို အလှူလဲ"ဟု ကဲ့ရဲ့ကြသောကြောင့်လည်းကောင်း၊ အနာထပိဏ်သူဌေး ဝိသာခါတို့ကလည်း ရဟန်းသံဃာ၏ အကြိုက် လျောက်ပတ်သော အမှုတို့ကို အလွန်သိ၍ အနာထပိဏ်သူဌေး ဝိသာခါတို့ စီမံလိုက်လျှင် ရဟန်းတွေ စိတ်တိုင်းကျ ဘုဉ်းပေးရသော ကြောင့်လည်းကောင်း၊

**ဝိသာခါကိုယ်စား ဆွမ်းကပ်ရန် သား၏သမီး(မြေး)ကို ထားသည်၊**

## အနာထပိဏ်၏ သမီးသုံးယောက်ဂုဏ်ထူး

| | | | |
|---|---|---|---|
| **မဟာသုဘဒ္ဒါ+စူဠသုဘဒ္ဒါ** | **–** | **သောတာပန်၊** | ၆၇ |
| **သုမနဒေဝီ** | **–** | **သကဒါဂါမ်၊** | |

## သမီးနှင့်အဖေ အမေးအဖြေ

ချစ်သမီး ဘယ်လိုနေသလဲ၊ ချစ်မောင်လေး အဘယ်နည်း၊
ချစ်သမီး ယောင်ယမ်းသလား၊ ချစ်မောင်လေး မယောင်ယမ်းပါ၊
ချစ်သမီး ကြောက်သလား၊ ချစ်မောင်လေး မကြောက်ပါ၊

## အနာထပိဏ်သူဌေး ဒေါမနဿကြီးစွာ ဖြစ်ခြင်းအကြောင်း

သမီးသည် သေခါနီးအခါ သတိကိုဖြစ်စေခြင်းငှာ မစွမ်းနိုင်ဘဲ ယောင်ယမ်းကာ သေရသောကြောင့်၊

http://www.dhammadownload.com



### သမီးက ဖခင်ကို မောင်လေးဟု ခေါ်ရခြင်း

သမီးသုမနဒေဝီသည် သကဒါဂါမ်ဖြစ်၍ အဖေ အနာထပိဏ်သူဌေးက သောတာပန်ဖြစ်ရကား သမီးက အဖေထက် သကဒါဂါမိမဂ် သကဒါဂါမိဖိုလ်တို့ဖြင့် ကြီးသောကြောင့်၊

တုသိတာနတ်နန်း စံမြန်းသူ ဓမ္မိကဉပါသကာ သုမနဒေဝီ၊
နန္ဒနအပြားနှစ်ပါး ကမ္မနန္ဒန ဝိပါကနန္ဒန၊

ဣဓ နန္ဒတိ ဤလောက၌ ကံကြောင့် နှစ်သက်ခြင်းအားဖြင့် နှစ်သက်ရ၏၊

ပေစ္စ နန္ဒတိ နောက်လောက၌ အကျိုးကြောင့် နှစ်သက်ခြင်းအားဖြင့် နှစ်သက်ရ၏၊

ဉဘယတ္ထ နန္ဒတိ

"ငါသည် ကုသိုလ်ကို ပြုအပ်ပြီ၊ မကောင်းမှုကို မပြုအပ်"ဟု ဤဘဝ၌ နှစ်သက်ရ၏၊ နောက်ဘဝ၌ အကျိုးကို ခံစားလသော် နှစ်သက်ရ၏၊

ဘိယျော နန္ဒတိ

အကျိုးကြောင့် နှစ်သက်ခြင်းအားဖြင့် သုဂတိသို့ ရောက်လသော် ၅၇ကုဋေ အနှစ် ၆သန်းပတ်လုံး နတ်စည်းစိမ်ခံစားလျက် တုသိတာ နတ်ပြည်၌ လွန်စွာ ဝမ်းမြောက်ရပါသည်၊

၁၈။ဒွေသဟာယကဘိက္ခုဝတ္ထု

ဆရာဉပဇ္ဈာယ်ထံမှာ (၅)ဝါဆိုသည်၊

http://www.dhammadownload.com



## ရဟန်းနှစ်ပါးကျင့်စဉ်

တစ်ပါးသည် ကြီးရင့်ရာအခါ၌ ရဟန်းပြုခဲ့သောကြောင့် ဂန္ထဓုရကို မဖြည့်ကျင့်နိုင်၊ ဝိပဿနာဓုရကို ဖြည့်ကျင့်မည်-ဟု ကြံ၍ အရဟတ္တဖိုလ်တိုင်အောင် ဝိပဿနာဓုရကို ဟောစေ၍ ဖွေဆော် အားထုတ်လသော် ပဋိသမ္ဘိဒါ လေးပါးနှင့် တကွ ရဟန္တာဖြစ်ပါသည်၊

"အခြားရဟန်းသည် ဂန္ထဓုရကို ဖြည့်ကျင့်မည်"ဟုကြံ၍ အစဉ်အားဖြင့် ပိဋကတ်သုံးပုံဟုဆိုအပ်သော ဘုရားစကားတော်ကို သင်ယူ၍ ရောက်ရာအရပ်မှာ တရားဟော၏၊ အသံဖြင့် ရွတ်ဆို၏၊ ရဟန်းငါးရာတို့အား စာပေပို့ချလျက် လှည့်လည်၏၊ ဂိုဏ်းကြီး ၁၈ ဂိုဏ်းတို့၏ ဆရာလည်းဖြစ်၏၊

## ကျောင်းတိုက်အတွင်း လှည့်လည်ခြင်း

"ဂန္ထိကထေရ်သည် ရဟန္တာပုဂ္ဂိုလ်ကို ညှင်းဆဲ၍ ငရဲ၌ ဖြစ်ရာ၏"ဟု ထိုဂန္ထိကထေရ်ကို သနားခြင်းကြောင့် မြတ်စွာဘုရားသည် ကျောင်းတိုက်အတွင်း လှည့်လည်ခြင်း ဖြစ်သည်၊

## ထိုထိုအရပ်၌ ထိုင်သူတို့ကျင့်ဝတ်

မြတ်စွာဘုရားအတွက် နေရာခင်းပြီးမှ ထိုင်ကြသည်၊

## ပြဿနာမေးရာဌာန

ပဌမဈာန် ဒုတိယဈာန် စသော သမာပတ် (၈)ပါး၊ ရူပ အရူပဈာန် မဂ်လေးပါး။

စတုသု ဌာနေသု အရ (မဂ်လေးပါး၌သာ သာဓုခေါ် သောကြောင့်) မဂ်လေးပါးကိုသာ ယူပါ၊

http://www.dhammadownload.com



## ကောင်းချီးပေးကြ

ဘုမ္မစိုးနတ်မှစ၍ ဗြဟ္မာ့ဘုံတိုင်အောင် နတ် နဂါး ဂဠုန်အားလုံး သာဓုခေါ်ကြသည်၊

ကဲ့ရဲ့သူများ ဂန္ထိကရဟန်း၏ အနီးနေတပည့် အတူနေတပည့်များ၊

ဘာသမာနောအရ ပိဋကတ်သုံးပုံကို သင်ယူ၍ ပို့ချနေသော်လည်း ကြက်အတောင်ခတ်ရာကာလမျှ အနိစ္စ စသည်၏ အစွမ်းဖြင့် အသင့်အတင့် နှလုံးသွင်းခြင်းကို မဖြစ်စေသူ၊

## နွားကျောင်းသားနှင့်တူ

နွားကျောင်းသားသည် နွားတို့ကို တစ်နေ့လုံးကျောင်း၍ ညနေချိန်မှ ပိုင်ရှင်ထံ ပြန်အပ်သည်၊ နွား၏အရသာငါးမျိုးကို မခံစားရသကဲ့သို့ ထို့အတူ ဂန္ထိကရဟန်းသည် စာပေကျမ်းဂန် ပို့ချနေသော်လည်း ဈာန် မဂ် ဖိုလ် တရားတို့ကို မျက်မှောက်မပြုနိုင်၊ နွားကျောင်းခနှင့်တူသော သဒ္ဓိဝိဟာရိက စသည်တို့၏ ဝတ်ကြီးဝတ်ငယ် ပြုခြင်းမျှကိုသာ ရသည်၊

## နွားပိုင်ရှင်နှင့်တူ

နွားပိုင်ရှင်သည် နွားကျောင်းသား အပ်နှံထားအပ်သော နွားတို့၏ အရသာကို သုံးဆောင်ရသကဲ့သို့ ဓမ္မကထိက ဟောပြအပ်သော တရားကိုနာ၍ ပြုကျင့်လိုက်နာသူတို့သည် သွန်သင်သည့် အတိုင်းကျင့်၍ ပထမဈာန်စသည်တို့သို့ ရောက်ကြသည်၊ ဝိပဿနာကို တိုးပွားစေ၍ မဂ်ဖိုလ်သို့ ရောက်ကြသည်၊

ပထမဂါထာကို သီလရှိ၍ များသောသုတရှိသော မေ့မေ့လျော့လျော့ နေလေ့ရှိသော အနိစ္စ စသည်တို့၏ အစွမ်းဖြင့် သင့်သော အကြောင်းအားဖြင့် နှလုံးသွင်းခြင်း၌ မေ့လျော့သောရဟန်း၏ အစွမ်းဖြင့်

http://www.dhammadownload.com



ဟောတော်မူသည်၊ ဒုသီလ ရဟန်းနှင့်စပ်၍ ဟောသည် မဟုတ်၊

ဒုတိယဂါထာကို နည်းသောသုတရှိသော်လည်း သင့်သော အကြောင်းအားဖြင့် နှလုံးသွင်းမှုပြုသော ကာရကပုဂ္ဂိုလ်၏ အစွမ်းဖြင့် ဟောတော်မူပါသည်၊

**အပ္ပမ္ပိအရ** တစ်ဝဂ် နှစ်ဝဂ်မျှကိုယူ၊

**အနုဓမ္မစာရီ** အနက်အဓိပ္ပါယ်ကိုသိ၍ ပါဠိတော်ကိုသိ၍ လောကုတ္တရာ တရား ကိုးပါးအား လျော်သော ရှေးအဘို့၌ ဖြစ်သော အကျင့်ဟု ဆိုအပ်သော စတုပါရိသုဒ္ဓိသီလ ဓုတင် အသုဘကမ္မဋ္ဌာန်း အစရှိသော အပြားရှိသော အကျင့်ကို ကျင့်သူ၊

## ဝိမုတ္တိ(၅)မျိုး

တဒင်္ဂဝိမုတ္တိ ဝိက္ခမ္ဘနဝိမုတ္တိ သမုစ္ဆေဒဝိမုတ္တိ ပဋိပဿဒ္ဓိဝိမုတ္တိ နိဿရဏဝိမုတ္တိ၊

**တ္တဝေါ အရ** ဤဘဝ၌ဖြစ်သော ခန္ဓာ အာယတန ဓာတ်၊

**တစ်နည်း** အဇ္ဈတ္တ ခန္ဓာ အာယတန ဓာတ်၊

**ဟုရံဝါ အရ** တမလွန်လောက၌ အကျုံးဝင်သော ခန္ဓာ အာယတန ဓာတ်၊

**တစ်နည်း** ဗဟိဒ္ဓ ခန္ဓာ အာယတန ဓာတ်၊

**သာမညဿ အရ** မဂ်လေးပါး ဖိုလ်လေးပါး ငါးပါးသော အသေက္ခ ဓမ္မဂုဏ်၊

ဒွေသဟာယကဝတ္ထု ပြီးပါပြီ။

ယမကဝဂ် ပြီးပါပြီ။

http://www.dhammadownload.com



## အပ္ပမာဒဝဂ်

### ၁။ သာမာဝတီဝတ္ထု

အပ္ပမာဒေါ အမတံပဒံ စသော တရားဒေသနာကို သာမာဝတီအမှူးရှိသော ငါးရာသောမိန်းမ, မာဂဏ္ဍီအမှူးရှိသော ငါးရာသောမိန်းမ, ငါးရာသော ဆွေမျိုးတို့၏ သေခြင်း ပျက်စီးခြင်းကို အကြောင်းပြု၍ ဟောတော် မူပါသည်၊ ၁၀၃

မင်း၂ပါး အလ္လကပ္ပတိုင်း အလ္လကပ္ပမင်း၊ ဝေဋ္ဌဒီပကတိုင်း ဝေဋ္ဌဒီပကမင်း၊
**နိုင်ငံအကျယ်အဝန်း** အလျား (၁၀)ယူဇနာစီ၊

ပါဠိစီ ပရလောကံ ဂစ္ဆန္တံ အနုဂစ္ဆန္တော နာမ နတ္ထိ၊ အတ္တမသော အတ္တနော သရီရမ္ပိ နာနုဂစ္ဆတိ၊ သဗ္ဗံ ပဟာယ ဂန္တဗ္ဗံ၊ ကိံ နော ဃရာဝါသေန ပဗ္ဗဇိဿာမ၊

**ရသေ့နှစ်ပါး အတူမနေခြင်းအကြောင်း**

ငါတို့ တိုင်းပြည်ကိုစွန့်ပြီး ရသေ့ဝတ်ခဲ့ကြတာ အသက်မွေးခြင်းဌာ မစွမ်းနိုင်လို့ ရသေ့ဝတ်ခဲ့တာမဟုတ်၊ တနေရာတည်းမှာ နှစ်ပါး အတူနေလျှင် ရဟန်းမပြုသူတို့နှင့် တူနေသောကြောင့်၊

**၁၅ ရက် တစ်ကြိမ်အတွေ့မခံခြင်း**

ဥပုသ်နေ့တိုင်း ၁၅–ရက်တစ်ကြိမ် အတူနေကြလျှင်လည်း အပေါင်း အဖော်နှင့် မွေ့လျော်ခြင်း ဖြစ်သောကြောင့်၊

http://www.dhammadownload.com



ဝေဠဒီပကရသေ့ နတ်ဖြစ်ခြင်း
တောထွက်ရာအခါမှစ၍ မြိုးခြံသောအကျင့်ကို ကျင့်ခြင်းကြောင့်၊

စောင်းကြိုးသုံးခု မန္တန်သုံးပုဒ်အထူး
ပထမစောင်းကြိုးကိုတီး၍ ပထမမန္တန်ကို ရွတ်လိုက်လျှင် ဆင်တို့သည် ပြန်လှည့် ကြည့်ခြင်းငှာပင် မစွမ်းနိုင်ဘဲ ထွက်ပြေးကြရသည်၊
ဒုတိယစောင်းကြိုးကိုတီး၍ ဒုတိယမန္တန်ကို ရွတ်လိုက်လျှင် ဆင်တို့သည် နောက်လှည့်ကြည့်၍ ကြည့်၍ ပြေးကြရသည်၊
တတိယစောင်းကြိုးကိုတီး၍ တတိယမန္တန်ကို ရွတ်လိုက်လျှင် ဆင်တို့၏ အကြီးအကဲ ဆင်မင်းသည် ကျောက်ကုန်းကို ညွတ်စေ၍ လာသည်၊ ၁၀၄

မိဖုရား မပြေးခြင်းအကြောင်း
"လူသံမည်သည် တိရစ္ဆာန်တို့ကို ထိတ်လန့်စေတတ်၏၊ လူသံကြားလို့ ငါ့ကို စွန့်သွားလျှင် ငါသည် ကိုယ်ဝန်နှင့်တကွ သေရလိမ့်မည်၊ တစ်နေရာမှာ ထိုင်ပြီး ငါ့ကိုစားမည့်အခါမှ အသံပြု၍ ပြေးစေမည်"ဟု ကြံ၍ မအော်ခြင်း ဖြစ်သည်၊ (အသက်ဉာဏ်စောင့်)

ငှက်ဆင်ဓမ္မတာ လာခဲ့ရာ လမ်းကိုကြည့်ခြင်း၊
ကမ္မဇလေလှုပ်ချိန် နေဝင်ချိန်၊ သူရိယတ္ထင်္ဂမနကာလေ၊
ပါဠိစီ သုခေမိတာယ ရာဇမဟေသိယာ "မာ ဘာယိ အယျေ" တိဝစနမတ္တမ္ပိ အလဘမာနာယ ဒုက္ခုပရေတာယ သဗ္ဗရတ္တိံ နိဒ္ဒါ နာမ နာဟောသိ၊

http://www.dhammadownload.com



ဥတေန မေဃဥတု ပဗ္ဗတဥတု အရဏဥတုကိုယူ၍ မွေးသောကြောင့်၊
[ဆောင်] မေဃ ပဗ္ဗတ၊ အရဏ၊ သုံးဝဥတုမှာ၊
ယင်းကိုယူကာ မွေး၍လာ၊ ခေါ်ပါ ဥတေန၊

မိုးတိမ်ကင်းခြင်း အရုဏ်တက်ခြင်း ကိုယ်ဝန်ထခြင်း တပြိုင်နက် ဖြစ်ကြသည်၊

**မိဖုရားမဆင်းခြင်း** ဇာတ်ရောယှက်မည်မှ ကြောက်သောကြောင့်၊

**အာဟာရ** ပျားကောင်မရှိသော ပျားလဘို့၊ အလိုလိုဖြစ်သော သလေးစပါးကို ဆောင်ယူ၍ ယာဂုကြို့ပေးသည်၊

**သီလကို ဖျက်ဆီးရခြင်း**

"ငါသည် သွားလမ်းလာလမ်းကိုမသိ၊ ဤရသေ့နှင့်လည်း အကျွမ်းဝင်ခြင်း မရှိ၊ ဤရသေ့သည် ငါတို့ကိုပစ်ပြီး တစ်နေရာကိုသွားလျှင် ငါတို့နှစ်ယောက်လုံး သေရလိမ့်မည်၊ တစုံတခုကို လုပ်ပြီး ငါ့ကို မလွှတ်နိုင်အောင် ဤရသေ့၏သီလကို ဖျက်ဆီးအံ့"ဟု ကြံ၍ သီလကို ဖျက်ဆီးသည်၊ ၁၀၆

**ပါဠိစီ ဒုန္နိဝတ္ထဒုပ္ပါရုတဒဿနေန ပလောဘေတွာ သီလဝိနာသံ ပါပေသိ၊**

**ပုရန္တပ္ပမင်း သေသည်ကိုသိခြင်း**

နက္ခတ် ညှိုးနွမ်းသည်ကို မြင်သောကြောင့်၊

**မိဖုရားငိုခြင်း**

"သားဖြစ်သော ဥတေနသည် အမျိုး၏ ဥစ္စာဖြစ်သော မင်းအဖြစ်အား လျောက်ပတ်၏၊ ဥတေနသည် ကောသမ္ဗီမြို့မှာနေလျှင် ထီးဖြူဆောင်းရမည်၊ ယခုအခါ ကြီးစွာဆုံးရှုံးခြင်း ဖြစ်လေစွ"ဟု သောကဖြစ်သောကြောင့် ငိုပါသည်၊

http://www.dhammadownload.com



## ဘုရင့်သား ဖြစ်ကြောင်းသက်သေခံ

စစ်သူကြီးစသည်တို့၏အမည်၊ ပူရန္တပ္ပမင်း၏ တစ်သိန်းတန် ကမ္ဗလာနီ၊ ပူရန္တပ္ပမင်း၏ တစ်သိန်းတန်လက်စွပ်၊

**ဥတေနမင်း၏တိုင်းပြည် ကောသမ္ဗီပြည်၊ ၁၀၇**

## ဆင်အော်သံသုံးမျိုး

၁။ ပဌမဆင်အော်သံ ဆင်ထောင်ပေါင်းများစွာ စုဝေးကြရန်၊
၂။ ဒုတိယဆင်အော်သံ ဆင်အိုများ ဖဲသွားကြရန်၊
၃။ တတိယဆင်အော်သံ အလွန်ငယ်သော ဆင်များ ဖဲသွားကြရန်၊

## စစ်တိုက်ခွင့်နှင့် မင်းအဖြစ်ကို မပေးခြင်းအကြောင်း

လေးသောကိုယ်ဝန်ရှိသော မိဖုရားကို ငှက်ဆင်သည် ဆောင်အပ်သည်ဖြစ်၍ ထိုမိဖုရားရှိ မရှိ မသိရသေးသောကြောင့်၊ ၁၀၇

**ကောတုဟလိက မယား ကာဠီ၊ သား– ကာပိ၊**
**တိုင်း အလ္လကပ္ပတိုင်း၊**

## ကောသမ္ဗီသို့ ထွက်သွားခြင်း

ငတ်မွတ်ခေါင်းပါး၍ အသက်မွေးခြင်းငှာ မစွမ်းနိုင်သောကြောင့်၊ **တနည်း အဟိဝါတရောဂါဖြင့် သေသောလူတို့ကို မြင်ရခြင်းကြောင့်၊ ဃောသက စွန့်ပြစ်ခံရခြင်းနှင့် စပ်၍ အဋ္ဌကထာဆရာ ဩဝါဒ** မကောင်းမှုကို အနည်းငယ်သာဟု မထိမဲ့မြင် မပြုသင့်၊

http://www.dhammadownload.com



ကောတုဟလိကသည် မိမိသားငယ်ကို ခြုံတစ်ခြုံ၏အောက် သစ်ရွက် ခင်း၍ စွန့်ပစ်ခဲ့သော မကောင်းမှု အကုသိုလ်ကံကြောင့် ဘ၀တစ်ခု၌ ၇ ကြိမ်တိုင်တိုင် စွန့်ပစ် ခံရပါသည်၊

**ထမင်းမစားရသောရက်** ၇-ရက်၊ ၈-ရက် ၁၀၉

**ဒွေးမ၀မ်း၌** ၆-လ၊ ၇-လ၊

ပဓ္ဓေကဗုဒ္ဓါကို ခွေးချစ်ခြင်းအကြောင်း အမြဲမပြတ် ထမင်း တစ်ခဲပေးသောကြောင့်၊

နွားကျောင်းသားသည် ပဓ္ဓေကဗုဒ္ဓါကို တနေ့နှစ်ကြိမ် ဆည်းကပ်ပါသည်၊

**ပဓ္ဓေကဗုဒ္ဓါ သက်ိန်းချုပ်ရာအရပ်** ဂန္ဓမာဒနတောင်၊

## တိရစ္ဆာန်များ ဖြောင့်မတ်

ကောင်းကင်ခရီးဖြင့် ဂန္ဓမာဒနတောင်သို့ ကြွသွားသော ပဓ္ဓေကဗုဒ္ဓါသည် မြင်လောက်ရာလမ်းကြောင်းကို စွန့်လသော် နှလုံးကွဲ၍ သေပါသည်၊

## လူထက်သာသော တိရစ္ဆာန်

ဖြောင့်မတ်သော သဘောရှိခြင်း၊ မကောက်ကျစ်ခြင်း၊

ပါဠိငြိစီ တိရစ္ဆာနာ ကိရ နာမေတေ ဥဇုဇာတိကာ ဟောန္တိ အကုဋိလာ၊ မနုဿာ ပန အည့် ဟာဒယေန စိန္တေန္တိ၊ အည့် မုခေန ကထေန္တိ၊ တေနေ၀ါဟ ... ဂဟေနဥ္စေတံ ဘန္တေ ယဒိဒံ မနုဿာ၊ ဥတ္တာနကဥ္စေတံ ယဒိဒံ ပသဝေါ၊

http://www.dhammadownload.com



နီသျ ဘန္တေ၊ ယဒိဒံ (ယေ+ဣမေ) မနုဿာ-အကြင်လူတို့သည်၊ သန္တိ၊ ဧတံ (ဧတေ) မနုဿာ-တို့သည်၊ ဂဟာနံ ဟိ(ဂဟာနံ ဧဝ)- ကောက်ကျစ်သော နှလုံးရှိကုန်သာတည်း၊ ဘန္တေ၊ ယဒိဒံ (ယေ+ဣမေ) ပသဝေါ-အကြင်တိရစ္ဆာန် ဖြစ်သော သားကောင်တို့သည်၊ သန္တိ၊ ဧတံ (ဧတေ) ပသဝေါ-ဤတိရစ္ဆာန်ဖြစ်သော သားကောင်တို့သည်၊ ဥတ္တာနကံ ဟိ ဥတ္တာနကံ ဧဝ-ပေါ်လွင်ဖြောင့်မတ်သော သဘောရှိ ကုန်သာတည်း၊

၁၁၀

## နတ်ပြည်ရောက်ခြင်း

ဖြောင့်မတ်သောစိတ်ရှိခြင်း မကောက်ကျစ်ခြင်းကြောင့်၊

### ဖြောင့်မတ်ခြင်း အကျိုး

တာဝတိံသာနတ်ပြည်ဝယ် နတ်သမီးတစ်ထောင်အလယ်၌ ကြီးစွာသော စည်းစိမ်ကို ခံစားရပါသည်၊

နားအနီး၌တိုင်ပင်သံ (၁၆) ယူဇနာတိုင်အောင် ပြန့်နှံ့သည်၊

ပကာတိစကားပြောသံ ယူဇနာတစ်သောင်းရှိသော နတ်မြို့ကို လွှမ်းသွားသည်၊

အသံကျယ်ခြင်းအကြောင်း ပစ္စေကဗုဒ္ဓါ၌ ချစ်ခြင်းဖြင့် ဟောင်ခဲ့သောကြောင့်၊

### နတ်စုတေခြင်း အကြောင်း(၄)ပါး

၁။ အသက်တမ်းကုန်ခြင်း = ကောင်းမှုများစွာပြု၍ နတ်ပြည်၌ ဖြစ်ပြီး အသက်ထက်ဆုံး တည်နေလျက် အထက်အထက် ဘုံ၌ဖြစ်သူ၊

http://www.dhammadownload.com



၂။ ကောင်းမှုကုန်ခြင်း = ကောင်းမှုအနည်းငယ်သာ ပြုခဲ့သည့်အတွက် မင်းကျိုတိုက်၌ ထည့်ထားသော သုံးကွမ်းစား လေးကွမ်းစားသော စပါးကဲ့သို့ သက်တမ်းမကုန်မီ အကြား၌ပင် ကုသိုလ်ကံကုန်ပြီးသေရသူ၊

၃။ အာဟာရကုန်ခြင်း = ကာမဂုဏ်ခံစားပြီး သတိပျောက်ကင်းမေ့လျော့ခြင်းကြောင့် အာဟာရကို မစားမိသဖြင့် ပင်ပန်းသောကိုယ်ရှိသည်ဖြစ်၍ သေရသူ၊

၄။ အမျက်ကွက်ခြင်း = သူတပါး စည်းစိမ်ကို သည်းမခံနိုင်သည်ဖြစ်၍ စိတ်ဆိုးပြီး သေရသူ၊ ၁၁၁

[ဆောင်] အာယု ပုည၊ အာဟာရ၊ ကောပ နတ်စုတိ၊
ယောသကမှာ၊ အာဟာရာ၊ မှတ်ပါလေကုန်ဘိ၊

ပြည့်တန်ဆာမတို့သည် သမီးကိုသာ ပြုစုကြ၍ သားကို မပြုစုကြ၊

## သမီးကိုသာ ပြုစုရခြင်းအကြောင်း

သမီးသည် ပြည့်တန်ဆာမတို့၏ အဆက်အနွယ်ကို ဆက်စပ်စေသောကြောင့်၊

ကောသမ္ဗီပြည် ပုရောဟိတ်ဆရာကြီး ဟောစာတမ်း

ဤမြို့မှာ ယနေ့မွေးဖွားသော ကလေး အကြီးဆုံးသူဌေးဖြစ်မည်၊

ကျွန်မအမည် ကာဠီ ၁၁၂

အနားမကပ်နိုင် ခွေး မြေခွေး ဘီးလူး၊ သုနခေါ် ကာကော အမနုဿာ၊

မစောင့်ရှောက်သူ အမေ အဖေ ညီအကို စသည်တို့တွင် တစ်စုံတစ်ယောက်မျှ မစောင့်ရှောက်၊ ၁၁၃

http://www.dhammadownload.com



**စောင့်ရှောက်သူ** ခွေးဖြစ်ရာအခါ၌ပစ္စေကဗုဒ္ဓါ၌ ချစ်ခြင်းဖြင့် ဖြစ်စေအပ်သော ဟောင်ခြင်းမျှသည်သာ စောင့်ရှောက်ပါသည်၊

**တစ်ကောင်မျှ အနားမကပ်နိုင်** ပစ္စေကဗုဒ္ဓါ၌ ချစ်ခြင်းဖြင့် ဟောင်ခဲ့ခြင်းကြောင့်၊

## ဥစ္စာကံစောင့်

ကောသမ္ဗီသူဌေးသည် မွေးစားသား ဃောသကအား အမွေမပေးလိုသဖြင့် (၇)ကြိမ်တိုင်တိုင် စွန့်ပစ်သော်လည်း ဃောသက ခွေးဘဝ တုန်းက ပစ္စေကဗုဒ္ဓါ၌ ချစ်ခြင်းဖြင့် ဖြစ်စေအပ်သော ဟောင်ခြင်းကုသိုလ်ကံသည် စောင့်ရှောက်သော ကြောင့် သေကံမရောက် သက်မပျောက်ဘဲ သူဌေးသမီးကိုရကာ သူဌေးကြီး ဖြစ်သွားသည်ကို ထောက်၍ "ဥစ္စာကံစောင့်"ဟူသော စကားမှန်ပါသည်၊

## မွေးစားရာ၌ ရည်ရွယ်ချက်

ငါ့မှာ သမီးမွေးလျှင် မွေးစားသားကို ငါ့သမီးနှင့် လက်ထပ်၍ သူဌေး ရာထူး၏ အရှင်ကို ပြုအံ့၊ သားမွေးဖွားလျှင် မွေးစားသားကို သတ်ပစ်မည်၊

## ဃောသကကို စွန့်ပစ်ရာ (၇)ဌာန

၁။ ပြည့်တန်ဆာမ၏ စေခိုင်းချက်အရ စကောစုတ်ထဲထည့်၍ ကျွန်မကာဋ္ဌီ၏ စွန့်ပစ်ခံရခြင်း၊

၂။ မွေးစားဖခင်၏ စေခိုင်းချက်အရ နွားလှုတ်ချိန်ဝယ် နွားခြံဝ၌ ကျွန်မကာဋ္ဌီ၏ စွန့်ပစ်ခံရခြင်း၊

၃။ လှည်းကုန်သည်ငါးရာတို့၏ လှည်းလမ်း၌ စွန့်ပစ်ခံရခြင်း၊

၄။ လူသေကောင်ပစ်ရာ သုသာန်ဝယ် ချုံကြား၌ စွန့်ပစ်ခံရခြင်း၊

http://www.dhammadownload.com



၅။ သူခိုးတို့ကို ပစ်ချရာတောင်၌ ဓွန့်ပစ်ခံရခြင်း၊
၆။ အပိုင်းပိုင်းဖြတ်၍ အိုးဖုတ်သည့်အခါ ထည့်ဖုတ်ရန် အိုးထိန်းသည်ထံ စွန့်ပစ်ခံရခြင်း၊
၇။ သတ်ပြီး မစင်တွင်း၌ ပစ်ချရန် ရွာငယ်တရွာ၏ စာရေးထံ စွန့်ပစ်ခံရခြင်း၊

[ဆောင်] စကော နွားခြံ၊ လှည်း–သုသာန်၊
တောင်ရံ–ချောက်ကမ်းပါး၊
အိုးထိန်းသည်ထံ စာရေးထံ လွှတ်ပြန်မတရား၊

ပါဠိစီ ယော ဒဏ္ဍေန အဒဏ္ဍေသု၊ အပ္ပဒုဋ္ဌေသု ။ ပ ။ နိဂစ္ဆတိ။

## မပြစ်မှားသင့်ဘဲ ပြစ်မှား ဒဏ်(၁၀)ပါး

၁။ ကြမ်းတမ်းသောဝေဒနာဖြစ်ခြင်း၊ ၂။ ဥစ္စာဆုံးရှုံးခြင်း၊
၃။ ခန္ဓာကိုယ်ပျက်စီးခြင်း၊ ၄။ ပြင်းထန်သောအနာဖြစ်ခြင်း၊
၅။ စိတ်ပြန့်လွင့်ခြင်း၊ ၆။ မင်းဒဏ်သင့်ခြင်း၊
၇။ မဟုတ်မမှန် စွပ်စွဲခံရခြင်း၊ ၈။ ဆွေမျိုးကုန်ခမ်းခြင်း၊
၉။ စည်းစိမ်ပျက်စီးခြင်း၊ ၁၀။ သဘာဝမီး မိုးကြိုးမီးကျခြင်း၊
သေလျှင် ငရဲရောက်ရခြင်း၊

[ဆောင်] ဆင်းရဲဝေဒနာ၊ ဥစ္စာဆုံးရှုံး၊ ပျက်ပြုန်းခန္ဓာ၊
စိတ်မှာပြန့်လွင့်၊ မင်းဘေးသင့်မြဲ၊ စွပ်စွဲခံရ၊
လောင်မီးကျလျက်၊ ပျက်ထစီးပွား၊ ကြီးမားအနာ၊
ဆွေညာပျက်သော၊ ဒဏ်ဆယ်ထွေ မှတ်လေအပြစ်တည်း၊
ဃောသကကို ဖြောင့်ဖြောင့်မကြည့်ရဲသူကောသမ္ဗီသူဌေး၊

http://www.dhammadownload.com



ပါဠိစီ သေဠ္ဌိဓီတာယ "သေဠ္ဌိပုတ္တော ယောသကော"တိနာမံ သုတွာဝ ပေမံ ဆဝိယာဒီနိ ဆိန္ဒိတွာ အဋ္ဌိမိဉ္ဇံ အာဟစ္စ ဋ္ဌိတံ၊

ကြားလျှင်ကြားခြင်း ချစ်ခြင်းသည် အရေစသည်ကိုဖြတ်
ရိုးတွင်းခြင်ဆီကိုထိ၍
တည်ခြင်းအကြောင်း

ချစ်ခြင်းအစ မျက်စိကဟူသော စကား မမှန်

ရှေး၌အတူ ပေါင်းသင်း နေထိုင်ခဲ့ခြင်းကြောင့်လည်းကောင်း ပစ္စုပ္ပန်ဘဝ၌ အကျိုးစီးပွားကို ဆောင်ရွက်ခြင်းကြောင့်လည်းကောင်း ချစ်ခြင်း ဖြစ်ပါသည်၊

သူဌေးသမီးဖြစ်ရခြင်းအကြောင်း

ကောတုဟာလိက၏ ဇနီးဖြစ်စဉ် တကွမ်းစား(တစလယ်)သော ထမင်းကို ပစ္စေကဗုဒ္ဓါအား လှူခဲ့သောကြောင့်၊

ခိုင်းသလို ဖြစ်မလာဘဲ မခိုင်းသော အရာသာ ဖြစ်သောကြောင့်

ဒေါမနဿ ကြီးစွာဖြစ်လျက် သားဌ်ဖြစ်သော ဧသာကနှင့်အတူ ထိုသောကသည် တပေါင်းတည်း ဖြစ်၍ ဝမ်း၌ပူလောင်ခြင်းကို ဖြစ်စေပြီ၊ ကောသမ္ဗီသူဌေးရောဂါ အလွန်အကဲ ဝမ်းလျှောခြင်း၊ ၁၁၇

ပါဠိစီ အဟံ ဉသီသကော ဌသာမိ၊ တသ္မိံ ခဏေ သေဋ္ဌိ ဥတ္တာနကော နိပန္နော ဟောတိ၊ အာယုတ္တကော ပန တဿ ပါဒေ ပရိမဇ္ဇန္တော၊

http://www.dhammadownload.com



## ကောသမ္ဗီသူဋ္ဌေးဥစ္စာ

ကုဋေ ၄၀၊ အတွင်းအပ အသုံးအဆောင် ဘဏ္ဍာများ၊ တော ရွာ လယ် ခြေနှစ်ချောင်း ခြေလေးချောင်းသတ္တဝါ ယာဉ်များစွာရှိသည်၊

[ဆောင်] ကုဋေ ၄၀၊ တော ရွာ လယ်၊ ခြေ ခြေသတ္တဝါ၊
ဆင်ယာဉ် မြင်းယာဉ်၊ အများပင် ၊ ဃောသက၏ဥစ္စာတွင်၊

## မိန်းမမာယာ သဲကိုးဖြာ

"ဤသူဋ္ဌေးသည် နောက်ထပ်ပြောလျှင် အခြားတစ်စုံတစ်ရာကို ပြောလိမ့်မည်" ဟုကြံ၍ သောကနှိပ်စက်အပ်သူကဲ့သို့ ဆံပင်တို့ကို ဖြန့်ကြဲကာငိုလျှက် "အဖေ အဘယ်အကြောင်းကြောင့် ဤမည်သော စကားကို ဆိုကြသနည်း၊ အဖေတို့အထံမှ ဤမည်သောစကားကို ကျွန်မတို့ကြားရသည်မှာ ကျက်သရေမရှိပါ" ဟုပြောရင်း သူဋ္ဌေး၏ ရင်လယ်၌ နောက်ထပ် စကားမပြောနိုင်အောင် ဦးထိပ်ဖြင့် ပုတ်ခတ်၍ ငိုကြွေးသည်၊ ၁၁၈

## လာရာအခါလို ရေကိုခုန်လွှား မသွားခြင်း

အရှင်မင်းမြတ် ကျွန်တော်လာစဉ်က ကစားရာအခါ မင်းသား အရွယ်ပါတည်း၊ ယခုအခါမှာတော့ အရှင်မင်းမြတ်က ကျွန်တော်အား သူဋ္ဌေးရာထူး အပ်နှင်းပြီးဖြစ်သောကြောင့် ရှေးတုန်းကလို မလှည့်လည်ဘဲ ငြိမ်ငြိမ်သက်သက် သွားသင့်သောကြောင့် ရေကို ခုန်လွှားမသွားပါ၊

## တည်ငြိမ်ခြင်းအကျိုး

အဖေသည် သုံးဆောင်ခံစားအပ်သော စည်းစိမ်ကိုပေးပြီး အလုံးစုံတစ်ရာ စီဖြင့် သူဋ္ဌေးရာထူးကို ပေးသည်၊

http://www.dhammadownload.com



သူဌေးသမီးရယ်ခြင်းအကြောင်း ''ဤမျှလောက် သော စည်းစိမ်သည် ငါ့ကိုမှီ၍ ဖြစ်ရ၏''ဟုကြံ၍ ရယ်ပါသည်၊ ၁၂၀

နေ့စဉ်အလှူ ငွေတစ်ထောင်ကိုစွန့်၍ ခရီးသွား အထီးကျန် မွဲစသော ပုဂ္ဂိုလ်တို့အား အလှူပေးသည်၊
ဒါနဒ္ဓကြောင့် ကြံစိုက်သူ မိတ္တသူကြွယ်၊

နေ့စဉ် အလှူပေးခြင်းအကြောင်း

"ဤအမှုသည် စင်စစ် ဝန်လေးလေစွ၊ ဤသို့သဘောရှိသော သေခြင်းမှ လွတ်လာသော ငါသည် မေ့မေ့လျော့လျော့ နေခြင်းငှာမသင့်၊ မမေ့မလျော့ သူဖြစ်အံ့" ဟုကြံ၍ နေ့စဉ်လှူပါသည်၊

မမြင်ဘူးသောသူငယ်ချင်းနှစ်ယောက်

ဘဒ္ဒဝတီမြို့ - ဘဒ္ဒဝတီသူဌေး၊ ကောသမ္ဗီမြို့ - ဃောသကသူဌေး၊

အဟိဝါတ(မြွေဆိပ်ပမာအလွန်ပြင်းထန်သော) ရောဂါ

ထိုရောဂါဖြစ်လျှင် ရှေးဦးစွာ ယင်ကောင်တွေသေ၍ ထို့နောက် အစဉ်အတိုင်း ကင်း ကြွက် ဝက် နွား ကျွန်မ ကျွန်ယောက်ျား သေခဲ့ပြီးမှ အိမ်သူအိမ်သားများ သေကြသည်၊

[ဆောင်] ယင် ကင်း ကြွက် ကြက်၊ ဝက်နွားစွက်၊ ဒါသက် ဒါသပါ၊
အဟိဝါတ၊ ရောဂါထ၊ သေကြ အိမ်သူပါ၊
ထိုမှလွတ်လို၊ နံရံကို၊ ခွင်းဖြို ပြေးကြတာ၊

http://www.dhammadownload.com



ထိုရောဂါမှ လွတ်မြောက်နိုင်သူ နံရုံကိုဖောက်၍ ပြေးသူသာ လွတ်နိုင်ပါသည်၊ ၁၂၁

ဘဒ္ဒဝတီသူဌေး လင်မယားတို့သည်
အရဏ်တက်ချိန်၌ အစာမကြေရောဂါဖြင့် ဇရပ်ပေါ်၌ သေကြရသည်၊

သာမာဝတီ ရှေ့အဆင်းရှိသောကြောင့် ရှေးဦးစွာ သာမာမည်၏၊ အကာအရံကို ပြုစေတတ်သောကြောင့် ဝတီမည်ပါသည်၊

အကာအရံစီမံပုံ
အလှူမဏ္ဍပ်ကို ကာရံ၍ တစ်ယောက်စီသာ ဝင်လောက်ရုံ ပမာဏဖြင့် တံခါးနှစ်ပေါက်တပ်ပြီး တံခါးတစ်ခုဖြင့်ဝင်၍ တံခါးတစ်ခုဖြင့် ထွက်စေလျက် အသံမရှိအောင် အလှူပေးစေသည်၊ ၁၂၂

ဖခင်သုံးယောက်၏သမီး သာမာဝတီ
ဘဒ္ဒဝတီသူဌေး မိတ္တသူကြွယ် ဃောသကသူဌေး (၃) ဦးတို့၏ သမီး၊

သမီး မပေးလိုခြင်းအကြောင်း သတို့သမီးတို့အား ပုတ်ခတ် ညှင်းဆဲ၍ ဆွဲငင်မည်မှ ကြောက်သောကြောင့်၊ ၁၂၄

ယန္တရားဆင်ကို ဥတေနမင်း၏ နိုင်ငံအနီး ကမ်းနားတစ်ခု၌ လွှတ်ကြသည်၊
ယန္တရားဆင်၏ဝမ်း၌ လူ(၆၀)သွားလာနိုင်သည်၊
အဆင်းအလုံးစုံဖြူသော ကေလာသ တောင်ထွဋ်နှင့်တူသောအဆင်း၊

http://www.dhammadownload.com



အောင်ရည်သောက်ရာရက် (၃)ရက်၊

ဥတေနမင်းနှင့် ဝါသုလဒတ္တာတို့ ပေါင်းဖေါ်ခြင်းမှ ကြောက်သောကြောင့် သမီးကို "ခါးကုန်းမ" ဥတေနမင်းကို "ခရုသင်း နှုနာစွဲသူ" ဟု ပြောထားသည်၊

ပါဠိစီ "အရေ ခုဇ္ဇေ အတိဗဟာလောဠကပေါလံ တေ မုခံ၊ ဇဝံ နာမ ဝဒေဟီ"တိ အာဟ၊ သာ ကုဇ္ဈိတွာ အရေ သင်္ခကုဋ္ဌိ ကိံ ဝဒေသိ၊ ကိံ မာဒိသာ ခုဇ္ဇာ နာမ ဟောတိ၊ ၁၂၅

ပါဠိစီ တတော ပဋ္ဌာယ မန္တဂ္ဂဟဏံ ဝါ သိပ္ပဂ္ဂဟဏံ ဝါ နတ္ထိ၊ ရာဇာပိ စိတရံ နိစ္စံ ပုစ္ဆတိ "သိပ္ပံ ဂဏှာသိ အမ္မာ"တိ၊ ဂဏှာမိ တာတာတိ၊

စဏ္ဍပဇ္ဇောတမင်း ယာဉ်ငါးစီး

ဘဒ္ဒ ကာကာ၊ စေလကနှင့်၊ မုဉ္စ နာဠာ၊ ဤငါးဖြာ၊ မှတ်ပါ ယာဉ်အပြား၊ ငါး ခြောက် တစ်ဆယ်၊ ဆယ့်နှစ်ဝယ်၊ နောက်ဆွယ် သုညထား၊

ဘဒ္ဒဝတီဆင်မ -တစ်နေ့ယူဇနာ (၅၀)၊ ကာကကျွန်-ယူဇနာ (၆၀)၊ စေလကဠိမြင်း မုဉ္စကေသီမြင်း ယူဇနာ ၁၀၀၊

နာဠာဂိရိဆင် ယူဇနာ ၁၂၀ သွားနိုင်ပါသည်၊ ၁၂၆

ပဇ္ဇောကဗုဒ္ဓါ ဆွမ်းတစ်ဇွန်းမျှ မရခြင်း

တစ်မြို့လုံး၌ နေသူတို့အား မာရ်နတ်သည် လှည့်ပတ်အပ်သောကြောင့်၊

http://www.dhammadownload.com



## ပစ္စေကဗုဒ္ဓါ မြို့ထဲ နောက်ထပ် မဝင်ခြင်း

အကယ်၍ မြို့ထဲပြန်ဝင်လျှင် မာရ်နတ်သည် တစ်မြို့လုံး၌ နေသူတို့၏ ကိုယ်၌ ပူးဝင်၍ လက်ခုပ်တီးပြီး ပြက်ရယ်ပြုရာသောကြောင့် မဝင်ပါ၊

## စဏ္ဍာပဇ္ဇောတမင်း ကောင်းမှု ဆုတောင်း

ဘုရားမပွင့်မီ အစိုးရတစ်ယောက်၏ အလုပ်အကျွေးဖြစ်၍ ထိုအစိုးရသူ၏ စေခိုင်းချက်ဖြင့် လျင်မြန်စွာသွား၍ ပစ္စေကဗုဒ္ဓါ၏ သပိတ်ကိုယူပြီး ဘောဇဉ်အပြည့် ထည့်ကာ လျင်မြန်စွာသွား၍ ပစ္စေကဗုဒ္ဓါအား ဆွမ်းလှူပြီး ထိခြင်းငါးပါး ဖြင့်ရှိခိုး၍.......

"အရှင်ဘုရား ဆွမ်းစားချိန် နီးကပ်နေပြီဖြစ်၍ တပည့်တော်သည် အလွန်လျင်မြန်သော အဟုန်ဖြင့် သွားလာခဲ့ရပါသည်၊ ဤအဟုန်၏ အကျိုးကြောင့် ယူဇနာ ၅၀၊ ၆၀၊ ၁၀၀၊ ၁၂၀ သွားခြင်းငှါ စွမ်းနိုင်သော ယာဉ်ငါးမျိုး တပည့်တော်မှာ ဖြစ်ပါစေသတည်း၊ ၁၂၇

သွားလာခဲ့ရသော တပည့်တော်၏ ကိုယ်သည် နေအရှိန်ကြောင့် ပူလောင်ပါ၏၊ ဤကောင်းမှု၏ အကျိုးကြောင့် ဖြစ်လေရာဘဝ၌ တပည့်တော်၏ အာဏာသည် နေအရှိန်နှင့် တူပါစေသတည်း၊

ဤဆွမ်းအလှူ၌ အရှင်သည် တပည့်တော်အား ကုသိုလ်အဖို့ကို ပေးအပ် ပါပြီ၊ ဤကုသိုလ်၏ အကျိုးဆက်ကြောင့် တပည့်တော်သည် အရှင်ဘုရားတို့ မြင်အပ်သော တရား၏ အဖို့ရှိသူ ဖြစ်ရပါလို၏" ဟု ဆုတောင်းခဲ့ပါသည်၊

## ပစ္စေကဗုဒ္ဓါ ဆုပေးဂါထာ

ဣစ္ဆိတံ ပတ္ထိတံ တုယှံ၊ သဗ္ဗမေဝ သမိဇ္ဈတု။ပ။မဏိဇောတိရသော ယထာ။

http://www.dhammadownload.com



ဓာတ်ီရသအရ အလုံးစုံ အလိုရှိအပ်သော်အရာကို ပေးနိုင်သော ပတ္တမြားရတနာ၊ ၁၂၇

## ဥတေနမင်း မိဖုရားသုံးယောက်

| | | | |
|---|---|---|---|
| ၁။ | ကောသမ္ဗီမြို့ | ဘဒ္ဒဝတီသူဌေး၏သမီး | သာမာဝတီ၊ |
| ၂။ | ဥဇ္ဇေနီမြို့ | စဏ္ဍပဇ္ဇောတမင်း၏သမီး | ဝါသုလဒတ္တာ၊ |
| ၃။ | ကုရုတိုင်း | မာဂဏ္ဍီပုဏ္ဏား၏သမီး | မာဂဏ္ဍီ၊ |

နာမည်တူသူ အဖေ အမေ သမီး ဘထွေး (၄ ယောက်လုံး) မာဂဏ္ဍီ၊

## မာဂဏ္ဍီဂုဏ်

အလွန်အဆင်းလှခြင်း၊ နတ်သမီးနှင့်တူသော အဖို့ရှိခြင်း၊ ဒေဝစ္ဆရပဋိဘာဂါ၊

## မီးပူဇော်ရာ အရပ်သို့ သွားခြင်းအကြောင်း

မာဂဏ္ဍီပုဏ္ဏား လင်မယားနှစ်ယောက်လုံး အနာဂါမိဖိုလ်၏ အားကြီးသော မှီရာအကြောင်းကို မြင်တော်မူသောကြောင့် နိဂုံးပြင်ဘက် မီးပူဇော်ရာအရပ်သို့ ကြွတော်မူသည်၊

ပါဠိစိ အယံ "တွေကံ ကာလံ မယှံ ဓီတု အနုစ္ဆဝိကော နတ္ထိ"တိ ကာသယိ အဒတွာ "အဓ္မ မေ ဓီတု အနုစ္ဆဝိကော ဒိဋ္ဌော"တိ ကိရ ဝဒေသိ၊ "ကိဒိသော န ခေါ သော ပုရိသော၊ ပဿိဿာမ န"န္တိ မဟာဇနော တေနေဝ သဒ္ဓိံ နိက္ခမိ၊

http://www.dhammadownload.com



## ခြေတော်ရာ အကြောင်း သိကောင်းစရာ

အစိဋ္ဌာန်၍ နင်းအပ်သော အရပ်၌သာ ခြေတော်ရာထင်၍ အခြားနေရာ၌ မထင်၊ မြင်စေလိုသူတို့သာ မြင်ရ၍ အခြားသူများ မမြင်နိုင်၊ မြင်စေလိုသူများ မမြင်နိုင်ရန် ဆင်စသည် နင်းလျှင် မိုးရွာလျှင် ဝေရမ္ဘလေ တိုက်လျှင် မပျက်စီး၊ မည်သူမျှ ဖျက်ဆီးခြင်းငှာ မစွမ်းနိုင်၊

**ဟောစာတမ်း** ပုဏ္ဏေးမသည် လက္ခဏာမန္တန်နှင့် ဗေဒင် သုံးပုံကို အဝါးဝစွာ လေ့လာပြီးဖြစ်၍ လက္ခဏာမန္တန်ကိုရွတ် ခြေတော်ရာကို စူးစမ်း ဆင်ခြင်ပြီး "ပုဏ္ဏား ဤခြေရာသည် ကာမဂုဏ်ငါးပါး မှီဝဲသူ၏ ခြေရာမဟုတ်" ဟုပြောသည်၊

ပုဏ္ဏား "ရှင်မ မင်းဟာလေ ရေခွက်ထဲ မိချောင်းမြင်သလို အိမ်အလယ်မှာ သူခိုးမြင်သလို မန္တန်ကို မြင်လေ့ရှိ၏၊ တိတ်တိတ်နေစမ်း၊

### ခြေရာသုံးမျိုးအထူး

| | |
|---|---|
| ရာဂကြီးသူ – | ဖဝါးအစွန်းနင်းသည် |
| ဒေါသကြီးသူ – | လျှင်မြန်စွာ ဖိနှိပ်တတ်သည် |
| မောဟကြီးသူ– | ဒရွတ်ဆွဲသည်၊ |

**ပါဠိစီ** ဖြာပဒ္ဒဏော ဂEÉ၁ "သမဏ မိတရုံ မေ တဝ ပေါသာပနတ္တာယ ဒေမိ" တိ အာဟ၊ သတ္ထာ "မိတရာ တေ မယှံ အတ္တိ ဝါ နတ္ထိ ဝါ" တိ အဝတွာ၊ ၁၃၀

## ရန်ငြိုးဖွဲ့မှန်းသိလျှက် ဂါထာရွတ်ခြင်းအကြောင်း

ပုဏ္ဏားဓနီးမောင်နှံ နှစ်ယောက်တို့၏ အစွမ်းဖြင့် ဂါထာရွတ် ပါသည်၊ မှန်၏–ဘုရားရှင်တို့သည် ရန်ငြိုးကို မရေတွက်မူ၍ မဂ်ဖိုလ်ရ ထိုက်သော ပုဂ္ဂိုလ်တို့၏ အစွမ်းဖြင့် တရားဟောတော်မူသည်၊

http://www.dhammadownload.com



ဥတောနမင်း မိဖုရား တစ်ထောင့်ငါးရာသော ကချေသည် မိန်းမ အခြံအရံရှိသော အဂ္ဂမဟေသီ မိဖုရား (၃)ယောက်၊

ရသေ့ငါးရာတို့သည် မိုးလနီးကပ်လသော် သူဌေးသုံးယောက်တို့အထံ၌ မိုးလေးလပတ်လုံးနေ၍ ဟိမဝန္တာ၌ ရှစ်လပတ်လုံး နေကြသည်၊

## နတ်မင်း စောင့်ရှောက်

ရသေ့ငါးရာတို့အား သောက်ရေ ချိုးရေ ဘောဇဉ်ပေးသည်၊

ပါဠိစီ . အထ နံ တာပသာ 'မဟာရာဇ မဟတီ တေ သမ္ပတ္တိ၊ ကိံနု ခေါ ကတွာ အယံ တေ သမ္ပတ္တိ လဒ္ဓါ " တိ ပုစ္ဆိံသု၊

## စည်းစိမ်ရကြောင်း ကောင်းမှုကိုမပြောခြင်း

မိမိပြုအပ်ခဲ့သော ကုသိုလ်ကံက နည်းနေ၍ ရှက်သောကြောင့်၊

## ရက္ခစိုးနတ် ရွေးကောင်းမှု

သူဆင်းရဲတစ်ယောက်သည် အနာထပိဏ်သူဌေး၏ အခစား အလုပ် လုပ်ပြီး ညနေအခါ ဆာလောင်စွာဖြင့် ပြန်ရောက်လာသော်လည်း ကလေးတွေပါမကျန် တစ်အိမ်လုံး ဥပုသ်စောင့် နေသည်ကိုမြင်၍ ညနေစာ မစားတော့ပဲ ခံတွင်းကို လုပ်ကျင်းပြီး ဥပုသ်အင်္ဂါတို့ကို ဆောက်တည်လျက် ဥပုသ်စောင့်သည်၊

တစ်နေ့လုံး အလုပ်လုပ်ခဲ့ရ၍ ဆာလောင်နေသော ထိုအလုပ်သမား၏ ကိုယ်၌ လေထလာသဖြင့် ကြိုးဖြင့်ပတ်ဖွဲ့ကာ ကြိုးအစွန်းကို ကိုင်ပြီး လူးလှိမ့် နေရ၏၊ စတုမဓုစားရန် အတန်တန်ပြောသော်လည်း နေ့ဝက်ဥပုသ်ကလေး ပျက်သွားမှာ စိုးရိမ်ပြီး မစားပဲ အသေခံ၍ ဥပုသ်ကို စောင့်သုံးခဲ့သောကြောင့် ရက္ခစိုးနတ်မင်း ဖြစ်ပါသည်၊ ၁၃၁

http://www.dhammadownload.com



## အနာထပိဏ်သူဌေး ဥပုသ်နေ့ ကျင့်ဝတ်

ဥပုသ်နေ့တိုင်း ညစာမစားပဲ တစ်အိမ်လုံး ဥပုသ်စောင့်ကြသည်၊ အောက်ထစ်ဆုံး နို့စို့ကလေးတွေကိုပင် ပါးစပ်ကို လုပ်ကျင်းခိုင်းပြီး စတုမဓု ပါးစပ်ထဲထည့်ပေးကာ သူဌေးကြီးက ဥပုသ်စောင့်ခိုင်းသည်၊ နံ့သာ ဆီမီးတိုင် ထွန်းညှိလသော် ကလေးလူကြီးတို့သည် အိပ်ရာသို့ ရောက်ကြသည်ဖြစ်၍ ၃၂- ကောဋ္ဌာသကို သရဇ္ဈာယ် ကြသည်၊ ၁၃၁

အလုပ်သမားသည် အရုဏ်တတ်ချိန်၌ ညှိုးနွမ်းသော ပန်းကဲ့သို့ သေ၍ ပဉ္စောင်ပင်၌ နတ်ဖြစ်သည်၊

အနာထပိဏ်သူဌေးဂုဏ် ဘုရားကို မြတ်နိုး၏၊ တရားကို မြတ်နိုး၏၊ သံဃာကို မြတ်နိုး၏၊

## ဟိမဝန္တာမှလာသော ရသေ့ငါးရာတို့သည်

ရုက္ခစိုး နတ်မင်းကို လက်အုပ် ချီ၍ ဘုရားဟူသောအသံ ကြားရဖို့ ခဲယဉ်းပါလားဟု ဥဒါန်းကျူးကြသည်၊

ရသေ့ ဥဒါန်း ဃောသောပိ ခေါ ဧသော ဒုလ္လဘော လောကသ္မိံ၊ ကမ္ဘာတစ်သိန်းပတ်လုံး မကြားရသောအသံ 'ဘုရား' ဟူသောအသံ၊

ရသေ့ငါးရာအား ဟောသောတရား အနုပုဗ္ဗိကထာ(၇)ပါး၊

ရသေ့တို့ရသောတရား ပဋိသမ္ဘိဒါ ၄ ပါးနှင့်တကွ ရဟန္တာ ဖြစ်ပါသည်၊

http://www.dhammadownload.com



## ရဟန်းဖြစ်ချိန်

"ထေ ဘိက္ခဝေါ" ဟူသောစကား၏အခြားမဲ့၌ ဖေဟိဘိက္ခု ရဟန်းဖြစ်ကြပါသည်၊

သူဌေးသုံးယောက်တို့သည် လှည်းငါးရာတို့ဖြင့် ထမင်း အဝတ် ထောပတ် ပျားရည် တင်လဲစသော ဒါန အဆောက်အဦးတို့ကို ယူလာကြသည်၊

တရားထူး သောတာပတ္တိဖိုလ်၌ တည်ပါသည်၊

အလှူပေးရာကာလ - (၁၅)ရက်၊ ၁၃၃

ဘုရားရှင်တို့ မွေ့လျော်ရာအရပ် ဆိတ်ငြိမ်ရာအရပ်၊

ကောသမ္ဗီမြို့မှ ကျောင်းဒကာများ

၁။ ဃောသကသူဌေး ဃောသိတာရုံကျောင်း၊

၂။ ကုက္ကုဋသူဌေး ကုက္ကုဋာရုံကျောင်း၊

၃။ ပါဝါရိကသူဌေး ပါဝါရိကာရုံကျောင်း၊

တစ်နေ့တစ်ကျောင်း နေ့စဉ်ပြောင်း၍ သက်ဆိုင်ရာ ကျောင်းဒကာ၏ အိမ်၌ဆွမ်း ဘုဉ်းပေးတော်မူသည်၊

သူဌေးသုံးယောက်တို့၏ အလုပ်အကျွေး သုမနပန်းသည်၊

ခုဇ္ဇုတ္တရာသည် သာမာဝတီ၏ ပန်းဖိုးရှစ်ကျပ်ထဲမှ လေးကျပ်ကို မိမိဘို့ယူ၍ လေးကျပ်ဖြင့် ပန်းဝယ်သည်၊ ၁၃၄

ငါးပါးသီလမလုံပဲ မဂ်ဖိုလ် ရ မရ ခုဇ္ဇုတ္တရာ သောတာပန်ဖြစ်၊

ပန်းဖိုးမခိုးခြင်းအကြောင်း မြတ်စွာဘုရား တရားတော်ကို နာ၍ သောတာပန် ဖြစ်သောကြောင့်၊

တရားမဟောမီ အခွင့်အရေး နံ့သာရေအိုး (၁၆) လုံးတို့ဖြင့် ရေချိုးရခြင်း ညက်ညောသော အဝတ်နှစ်ထည်ရခြင်း၊

http://www.dhammadownload.com



သာမာဝတီတို့အား တရားဟောကြား ခုဇ္ဇုတ္တရာ၊
သာသနိကအဲ့ထူး များသောသုတရှိခြင်း ပိဋကတ်သုံးပုံ နှုတ်ငုံဆောင်နိုင်ခြင်း၊

ဓမ္မပုဗ္ဗ

ညစ်နွမ်းသောအမှု မပြုရခြင်း၊ သာမာဝတီအမှူးရှိသော မောင်းမငါးရာတို့၏ အမိအရာ ဆရာအရာ၌တည်၍ မြတ်စွာဘုရားထံသွားပြီး ဘုရားရှင် ဟောအပ်သော တရားတော်ကိုနာ၍ မောင်းမငါးရာတို့အား ဟောပြောရခြင်း၊

ပိဋကတ်သုံးပုံကို ဆောင်နိုင်သူ ခုဇ္ဇုတ္တရာ၊
မောင်းမငါးရာ ရသောတရား သောတာပတ္တိဖိုလ်၊

ခုဇ္ဇုတ္တရာ ကျွန်ဘဝမှ လွတ်ရာအခါ

သာမာဝတီအမှူးရှိသော မောင်းမငါးရာ သောတာပတ္တိဖိုလ် တည်ရာအခါ၊

ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဥပါသိကာနံ ဗဟုဿုတာနံ ဓမ္မကထိကာနံ ယဒိဒံ ခုဇ္ဇုတ္တရာ၊

နိဿျ ဘိက္ခဝေ ယဒိဒံ (ယာ+သော) ခုဇ္ဇုတ္တရာ-အကြင် ခုဇ္ဇုတ္တရာသည်၊ အတ္ထိ-ရှိ၏၊ ဧတံ (သော)-ဤခုဇ္ဇုတ္တရာသည်၊ မမ-၏၊ သာဝိကာနံ-စကားကို နားထောင် တတ်ကုန်သော၊ ဗဟုဿုတာနံ-များသောသုတရှိကုန်သော၊ ဓမ္မကထိကာနံ-တရား စကားကို ဟောပြောတတ်ကုန်သော၊ ဥပါသိကာနံ-ဥပါသိကာမတို့တွင်၊ အဂ္ဂံ (အဂ္ဂါ)- အမြတ်ဆုံးတည်း၊

http://www.dhammadownload.com



**တေဒဂ်နှစ်တန်ရ ပုဂ္ဂိုလ်** ခုန္ဒုတ္တရာ၊ ၁၃၄

## လေသာပြူတင်း စတင်ဖြစ်ပေါ်လာ

ဥတေနမင်းလက်ထက်၌ သူဌေးသုံးဦးထံသို့ ကြွတော်မူသော မြတ်စွာ ဘုရား သူဌေးသုံးဦးထံမှ ပြန်လာတော်မူသော မြတ်စွာဘုရားကို ရှိခိုးပူဇော်ရန် ဖောက်ထားအပ်သော အပေါက်များ ပိတ်စေပြီး တိုက်ခန်း အားလုံး အထက်၌ ဖောက်အပ်သော လေသာပြူတင်းများကို ပြုစေသည်၊

## ဘုရားရှင်ကို ဆဲရေးကြ

မိစ္ဆာအယူရှိသော ရတနာသုံးပါး၌ မကြည်ညိုသော ကောသမ္ဗီမြို့နေ ကျွန်အမှုလုပ်သမား ယောကျ်ားများ၊ ၁၃၅

## ဗုဒ္ဓအား ဆဲရေးသော အက္ကောသဝတ္ထု

ဂါထာ စောရော ဗာလော မူဠှော ဩဋ္ဌော၊ ဂေါဏော ဂဒြဘော တထာ၊
နေရယိကော တိရစ္ဆာနော၊ နတ္ထိ တုယှံ ဝ သုဂတိ၊
ဒုဂ္ဂတိယေဝ ပါဋိကင်္ခါ၊ အက္ကောသဝတ္ထူတိ ဒသဓာ။

ဆဲရေးပုံ သူခိုးကြီး လူမိုက်ကြီး အအကြီး ကုလားအုပ်ကြီး နွားကြီး မြည်းကြီး၊ ငရဲသွားမည့်ကောင်ကြီး တိရစ္ဆာန်ကြီး၊ မင်းမှာသုဂတိ မရှိ၊ သင့်အား ဒုဂ္ဂတိကိုသာ အလိုရှိအပ်၏၊

## ဘုရားရှင်နှင့် အာနန္ဒာ

အရှင်အာနန္ဒာသည် အဓိကရဏ်းဖြစ်ရာမြို့မှ တစ်မြို့ပြီးတစ်မြို့ ပြောင်းရွှေ့နေထိုင်လိုသည်၊ မြတ်စွာဘုရားကား အဓိကရဏ်းငြိမ်းအေး မှသာ အခြားမြို့သို့ ပြောင်းရွှေ့လိုသည်၊ ၁၃၆

http://www.dhammadownload.com



မြတ်စွာဘုရားသည် ရှေ့တန်းစစ်မျက်နှာသို့ ရောက်နေသော ဆင်ပြောင် ကြီးနှင့်တူ၍ ဒုသီလများ ပြောအပ်သော စကားတို့ကို သည်းခံရန် တာဝန်ရှိသည်၊

## ဆင်ပြောင်ကြီးနှင့်တူ

ရှေ့တန်းစစ်မျက်နှာသို့ ရောက်နေသော ဆင်ပြောင်ကြီးသည် အရပ်လေး မျက်နှာမှလာသော မြားတို့ကို သည်းခံရန် တာဝန်ရှိသကဲ့သို့ မြတ်စွာဘုရား သည်လည်း များစွာသော ဒုသီလများ ပြောစကားတို့ကို သည်းခံရန် တာဝန်ရှိသည်၊

**နာဂဝဂ်လာ ဂါထာ** "အဟံ နာဂေါဝ သင်္ဂါမေ" စသော ၃ ဂါထာ၊
**အဓိကရုဏ်းအသက်** (၇)ရက်၊

## ကြွက်မနိုင် ကျီမီးနှင့်ရှို့

မာဂဏ္ဍီသည် ဘုရားရှင်ကို ကောသမ္ဗီမြို့မှ ပြေးစေခြင်းငှာ မစွမ်းနိုင်သဖြင့် မြတ်စွာဘုရားကို ထောက်ပံ့နေသော သာမာဝတီ အမှူးရှိသော မောင်းမငါးရာတို့ ပျက်စီးအောင် အမျိုးမျိုးကြံပြန်သည်၊

ကြက်အရှင်(၈)ကောင်ကို ဥတေနမင်းအတွက် အချက်ခိုင်း၍ ကြက်အသေ (၈)ကောင်ကို မြတ်စွာဘုရားအတွက် ချက်ခိုင်းသည်၊

## သာမာဝတီ ဩဝါဒ

အမိတို့ ငါတို့မှာ မေတ္တာမှတပါး အခြားကိုးကွယ်ရာမရှိ၊ ဥတေနမင်း၌လည်းကောင်း မာဂဏ္ဍီမိဖုရား၌လည်းကောင်း မိမိအပေါ်၌ လည်းကောင်း ညီမျှသော မေတ္တာစိတ်ကို ထားကြပါ၊ မည်သူ့ကိုမျှ အမျက်မထွက်ကြပါနှင့်၊

http://www.dhammadownload.com



## မေတ္တာလက်နက် အစွမ်းထက်၊ မေတ္တာခြံမှုလုံ၊ မေတ္တာနှလုံး အလှဆုံး

ဉတေနမင်းသည် မိုလ်ခြေတစ်ထောင်အားဖြင့် တင်အပ်သော ဆိတ်ချိုလေးကိုယူ၍ ပုတ်ခတ်ပြီး အဆိပ်လူးမြားကိုဖွဲ့လျက် သာမာဝတီကို ရှေ့ဆုံးမှာ ထား၍ တန်းစီခိုင်းပြီး သာမာဝတီ၏ ရင်ဝ၌ မြားကိုလွှတ်လိုက်သော်လည်း သာမာဝတီ၏ မေတ္တာအာနုဘော်ကြောင့် သာမာဝတီထံ မသွားပဲ လာရာလမ်းသို့ ရှေးရှုလျှက် ဉတေနမင်း၏ နှလုံးသို့ စူးဝင်တော့မလို တည်နေပါသည်၊

## သာမာဝတီဆုတောင်း

ကျွန်မအား ငွေအစရှိသည်တို့ဖြင့် အလိုမရှိ၊ ရဟန်းငါးရာနှင့် မြတ်စွာ ဘုရားကို နန်းတော်သို့ အမြဲကြွနိုင်ရန် စီစဉ်ပေးပါ၊ တရားတော်ကို နာယူလို ပါသည်၊

## မမ္မပူဇာ သက်န်းလျှာ

အရှင်အာနန္ဒာ၏ တရားစကားကို ကြားနာရခြင်းကြောင့် တစ်ထည်လျှင် ငါးရာစီတန်သော အပေါ်ခြုံငါးရာ လှူဒါန်းသည်၊

## အရှင်အာနန္ဒာ သင်္ကန်းသုံးစွဲပုံ

၁။ မိမိအတွက် ဝတ်လောက်ရုံ အဝတ်တို့ကိုယူ၍ ကြွင်းသောအဝတ်တို့ကို ဆွေးမြေ့သော သင်္ကန်းရှိသော ရဟန်းတို့ကိုလှူသည်၊

၂။ ထိုသင်္ကန်းဆွေးတို့ကို ထိုထက်သာ၍ ဆွေးမြေ့သော သင်္ကန်းရှိသော ရဟန်းတို့ကို လှူသည်၊

၃။ ထိုအလွန်ဆွေးမြေ့သော သင်္ကန်းတို့ကို အပေါ်လွှမ်းအခင်း လုပ်သည်၊

http://www.dhammadownload.com



၄။ ထိုအပေါ်လွှမ်း အခင်းဟောင်းတို့ကို မြေအခင်းလုပ်သည်၊
၅။ ထိုမြေအခင်းဟောင်းတို့ကို ခြေသုတ်ခုံလုပ်သည်၊
၆။ ထိုခြေသုတ်ခုံ အဟောင်းတို့ကို အပိုင်းပိုင်းထောင်းထု၍ မြေညက်ဖြင့်နယ်ကာ နံရံကိုသုတ်လိမ်းသည်၊၁၄၀

သင်္ကန်းများစွာ အရှင်အာနန္ဒာ

၁။ ငါးရာတန်သင်္ကန်း အကြိမ်ငါးရာ ရပါသည်၊
၂။ တစ်ထောင်တန်သင်္ကန်း အကြိမ်တစ်ထောင် ရပါသည်၊
၃။ တစ်သိန်းတန်သင်္ကန်း အကြိမ်တစ်သိန်း ရပါသည်၊ တစ်ထည် နှစ်ထည် သုံးထည် လေးထည် ငါးထည်ရသော သင်္ကန်းများမှာ ရေတွက်၍ မကုန်နိုင်၊ ၁၄၁

ပါဠိစီ တထာဂတေ ကိရ ပရိနိဗ္ဗုတေ ထေရော သကလဇမ္ဗုဒီပံ ဝိစရိတွာ သဗ္ဗဝိဟာရေသု ဘိက္ခူနံ အတ္တနော သန္တကာနေဝ ပတ္တစီဝရာနိ အဒါသိ၊

ပါဠိစီ မာဂဏ္ဍိယာပိ "ယမဟံ ကရောမိ၊ တံ တထာ အဟုတွာ အညထာဝ ဟောတိ၊ ဣဒါနိ ကိံ နုခေါ ကရိဿာမီ"တိ စိန္တေတွာ "အတ္ထေသော ဥပါယော"တိ အရညေ ဥယျာနကီဠံ ဂစ္ဆန္တေ စူဠပိတု သာသနံ ပဟိဏိ၊

**အရှင်အာနန္ဒာကို သင်္ကန်းလှူသောမင်း ဥတေနမင်း၊**

သာမာဝတီဒြပ်ဝါဒ

အစမထင် သံသရာအယဉ်မှာ ကြဉ်လည်ကြရ ငါတို့ဘဝ ယခုလို မီးလောင် ခံရ အတ္တဘာဝ အပိုင်းအခြားကို ဘုရားဉာဏ်တော်ဖြင့်သော်မှ ပိုင်းခြားသိရန် မလွယ်ကူ၊ မမေ့လျော့နေကြ၊ ၁၄၁

.http://www.dhammadownload.com



အားထုတ်သောကမ္မဋ္ဌာန်း          ဝေဒနာပရိဂ္ဂဟ ကမ္မဋ္ဌာန်း၊
ရသောတရား          တချို့ သကဒါဂါမ်၊ တချို့ အနာဂါမ်၊

## သုခ ဒုက္ခ နှစ်ဝ ခံစားရခြင်း

ဝဋ္ဋ်ကြွင်လည်သော သတ္တဝါတို့သည် အခါခပ်သိမ်း မမေ့မလျော့ဘဲ ကောင်းမှုကိုသာ ပြုကြသည်မဟုတ်၊ မေ့လျော့ကုန်သည် ဖြစ်၍ မကောင်းမှု ကိုလည်း ပြုကြသောကြောင့် သုခ ဒုက္ခ ခံစားကြ ရပါသည်၊

ပါဠိစီ ဘိက္ခဝေ သတ္တာ နာမ ဝဋ္ဋေ ဝိစရန္တာ နိစ္စကာလံ အပ္ပမတ္တာ ဟုတွာ ပုည ကမ္မမေဝ န ကရောန္တိ၊ ပမာဒိနော ဟုတွာ ပါပကမ္မမ္ပိ ကရောန္တိ၊ တသ္မာ ဝဋ္ဋေ ဝိစရန္တာ သုခမ္ပိ ဒုက္ခမ္ပိ အနုဘဝန္တိ။

## ပျော်ပျော်နေ သေခဲဟူသော စကားမှန်, မမှန်

မေ့လျော့သူသည် ပဋိသန္ဓေကို မလွှန်မြောက်နိုင်၊ ပဋိသန္ဓေ နေရသူသည် အိုလည်းအိုရ သေလည်းသေရသောကြောင့် မေ့လျော့ခြင်း (ပျော်ပျော်နေခြင်း)သည် သေခြင်း၏ အကြောင်းသာဖြစ်သည်၊ မသေခြင်း၏ အကြောင်းမဟုတ်၊ ထို့ကြောင့် "ပျော်ပျော်နေသေခဲ"ဟူသော စကားမမှန်ပါ၊ ၁၄၂

## မသေသူမရှိဘဲ အပ္ပမတ္တာ န မီယန္တိဟုဟောခြင်း

မေ့လျော့သူသည် ဝဋ်ကိုမပိုင်းဖြတ်နိုင်၊ မမေ့လျော့သူသည် ဝဋ်ကို ပိုင်းဖြတ် နိုင်၏၊ ထို့ကြောင့် မေ့လျော့သူတို့သည် ဇာတိအစရှိသည်တို့မှ မလွတ်နိုင်ရကား အသက်ရှင်သော်လည်း သေသူပင်မည်၏၊ မမေ့မလျော့

http://www.dhammadownload.com



သူတို့သည်ကား အပ္ပမာဒ လက္ခဏာကို တိုးပွားစေ၍ ဒုတိယ တတိယ အတ္တဘောတို့၌ မဖြစ်ကြသောကြောင့် ရှင်သည်ဖြစ်စေ သေသည်ဖြစ်စေ မသေသူပင် မည်ပါသည်၊ ၁၄၆

## မေ့လျော့သူ သေသူနှင့်တူ

မေ့လျော့သော သတ္တဝါတို့သည် မေ့လျော့ခြင်းတည်းဟူသော သေခြင်းဖြင့် သေကုန်သည်၏ အဖြစ်ကြောင့် သေသူနှင့်တူပါသည်၊
မေ့လျော့သူသည် သစ်တုံးနှင့်လည်း တူပါသည်၊

## အသက်ရှင်လျှက် သေသူနှင့်တူ ရဟန်းရှင်လူ

လူတို့အား "အလှူပေးကြမည်၊ သီလစောင့်ကြမည်၊ ဥပုသ် ဆောက်တည်ကြမည်"ဟုလည်းကောင်း, ရဟန်းတို့အား "အာစရိယဝတ် ဥပဇ္ဈာယဝတ် စသည်တို့ကို ဖြည့်ကြမည်၊ ဓုတင်ဆောက်တည်ကြမည်၊ ဘာဝနာပွားကြမည်" ဟုလည်းကောင်း တစိတ်ကလေးမျှ မဖြစ် ကြသောကြောင့်၊

## မေ့သူနှင့် မမေ့သူအထူး

မေ့လျော့သူသည် ဝဋ်ဆင်းရဲမှ မထွက်မြောက်နိုင်၊
မမေ့လျော့သူသည် ဝဋ်ဆင်းရဲမှ ထွက်မြောက်နိုင်ပါသည်၊

## ဥတေနမင်း မှုခင်းဖော်ထုတ်နည်း

မိးရှို့တာ မာဂဏ္ဍီဖြစ်မည်၊ "ခြိမ်းခြောက်ပြီး မေးရင်လဲ ပြောမှာ မဟုတ်၊ ဖြေးဖြေး ဥပါယ်တမည်ဖြင့်မေးအံ့"ဟုကြံ၍ ... "အမောင်တို့ ရှေးတုံးက ငါဟာ ထ၍ ကောင်းစွာ ထ၍ ယုံမှားအပ် ထက်ဝန်းကျင်

http://www.dhammadownload.com



ယုံမှားအပ်သည်ဖြစ်၍ နေရ၏၊ သာမာဝတီဟာ ငါ၏ အပေါက် အကြားကို အမြဲတစေ ရှာဖွေနေ၏၊ ယခုမှ ငါ့စိတ်တွေ ငြိမ်းအေးရ တော့မည်"ဟု ပြောလိုက်ရာ အမတ်တွေက "အရှင်မင်းမြတ် ဘယ်သူများ လုပ်လိုက်တာပါလိမ့်"ဟု လျှောက်တင်ကြ၏၊ "ငါ့ကို ချစ်လွန်းလို့ တစ်ယောက်ယောက်က လုပ်လိုက်တာဖြစ်မည်" ပြန်ပြောလိုက်သည်၊ ထိုအချိန်တွင် အနီးမှာ ရောက်နေသော မာဂဏ္ဍီက "အရှင်မင်းမြတ် ကျွန်မမှတစ်ပါး မည်သူမျှ ဤကိစ္စမျိုး မဆောင်ရွက်နိုင်ပါ၊ ကျွန်မသည် ဘထွေးတော်ကိုခေါ်၍ မီးရှို့နိုင်းတာပါ"ဟု သံတော်ဦးတင်သည်၊ ၁၄၂

မာဂဏ္ဍီ ဆွေမျိုးတို့ကို ဖမ်းယူစေ၍ မင်းရင်ပြင်၌ ချက်ပမာဏ ရှိသော တွင်းများ တူးစေပြီး ထိုတွင်းထဲမှာ ထိုင်စေလျှက် မြေမှုန့်အပြည့် ထည့်ကာ အထက်၌ ကောက်ရိုးများ ဖြန့်ကျဲစေ၍ မီးရှို့ပြီး အရေမီးလောင် ရာအခါမှ သံထွန်သွားဖြင့် ထွန်စေပြီး အပိုင်းအပိုင်း အစိတ်စိတ် အမွှာမွှာ ပြုစေပြီး ထက်လှသောဒါးဖြင့် မာဂဏ္ဍီ၏ ကိုယ်မှ ထူထဲသောနေရာတို့၌ အသားကိုခွာ၍ ဆီအိုးကင်းကို ဖိုခနောက်သို့ တင်၍ မုန့်ကြော်သလို ကြော်စားစေသည်၊ ၁၄၃

သဒ္ဒါပသန္န သမာဝတီ မသေသင့်

ဤအတ္တဘော၌ ဤသို့သေရခြင်းသည် မသင့်သော်လည်း ရှေး၌ ပြုအပ် သောကံအား သင့်လျော်သော သေခြင်းကို ရအပ်ပြီ၊

ပစ္စေကဗုဒ္ဓါ(၈)ပါးတို့တွင် (၇)ပါးက ဟိမဝန္တာမှာ နေ၍ (၁)ပါးက မြစ်ကမ်းအနီး မြက်ခြုံမှာ သမာပတ်ဝင်စားသည်၊

http://www.dhammadownload.com



## သာမာဝတီ မီးလောင်တိုက်သွင်းခံရခြင်းအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း နန်းတက်စဉ် မိန်းမငါးရာ တို့သည် တစ်နေ့လုံး ရေချိုးပြီး ချမ်းအေးလှသဖြင့် မီးလှုံလိုရကား ရှင်ဘုရင်ကိုးကွယ်သော ပစ္စေကဗုဒ္ဓါ သမာပတ်ဝင်စားသော မြက်ခြုံကို မြက်အစုထင်၍ မီးရှို့ကြသည်၊ မြက်တွေကုန်သွားမှ ပစ္စေကဗုဒ္ဓါကိုမြင်၍ "ရှင်ဘုရင်က တို့ကိုဖျက်ဆီးတော့မည်ဟုကြံ၍ ပစ္စေကဗုဒ္ဓါကို မီးကောင်းကောင်းလောင်အောင် မီးရှို့ကြမည်" ဟု ပြောပြီး ထင်းတွေစုပုံကာ သေစေလိုသော စေတနာဖြင့် မီးရှို့ခဲ့သောကြောင့်၊ ၁၄၃

## သမာပတ်အစွမ်း

သမာပတ်အတွင်း၌ လှည်းပေါင်းတစ်ထောင်ဖြင့် ထင်းတွေစုပုံ၍ မီးတိုက် သော်လည်း အပူငွေ့ကိုမျှလည်း ယူစေခြင်းငှာ မစွမ်းနိုင်၊

## သောတာပန်ဖြစ်ခြင်းအကြောင်း

ပစ္စေကဗုဒ္ဓါ ရှစ်ပါးတို့ကို ပြုစုလုပ်ကျွေးခဲ့သောကြောင့်၊ ၁၄၄

## အစေခံဖြစ်ခြင်းအကြောင်း

ကဿပဘုရားရှင်လက်ထက်၌ ဗာရာဏသီ သူဌေးသမီးဖြစ်စဉ် အိမ်သို့ကြွ လာသော ရဟန္တာထေရီမကို တန်ဆာပခြုပ် ယူခိုင်းခဲ့သောကြောင့်၊

## တန်ဆာပခြုပ် ယူပေးခြင်းအကြောင်း

"တန်ဆာပခြုပ် ယူမပေးလျှင် ငါ့အပေါ်ရန်ငြိုးဖွဲ့ပြီး ငရဲကျ လိမ့်မည်၊ ယူပေးလိုက်လျှင်ကား သူတစ်ပါး၏ အစေခံ ဖြစ်လိမ့်မည်၊ ငရဲမီးပူထက် သူတစ်ပါး၏ အစေခံ ဖြစ်ရခြင်းကမြတ်၏" ဟုသနား ခြင်းကိုစွဲ၍ ယူပေးခဲ့ပါသည်၊ ၁၄၄

http://www.dhammadownload.com



ပစ္စေကဗုဒ္ဓါကို မီးရှို့ခဲ့ခြင်းကြောင့် အနှစ်သိန်းပေါင်းများစွာ ငရဲခံရပြီး အတ္တဘောတစ်ရာ မီးလောင်ခံကြရသည်၊

## ခုဇ္ဇုတ္တရာ ခါးကုန်းခြင်းအကြောင်း

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း လက်ထက်၌ပင် မီးရှို့ခံရသော ပစ္စေကဗုဒ္ဓါသည် အနည်းငယ် ခါးကုန်းခြင်း သဘောရှိ၏၊ (ခုဇ္ဇုတ္တရာ အလောင်း) အလုပ် အကျွေးမသည် ကမ္ဗလာကိုရုံ၍ ရွှေခွက်ကိုကိုင်ကာ "ငါတို့ ပစ္စေကဗုဒ္ဓါဟာ ဟောဒီလို ဟောဒီလို သွားတယ်အေ့"ဟု ပစ္စေကဗုဒ္ဓါ လှည့်လည်ပုံကို ပြခဲ့သော ကြောင့် ခါးကုန်းရပါသည်၊

## ခုဇ္ဇုတ္တရာ ပညာကြီးခြင်း၊ ပညာကြီးလိုမှု သပိတ်ခြေကိုလှူ

နန်းတော်သို့ ပစ္စေကဗုဒ္ဓါရှစ်ပါး ပဌမဆုံး ကြွလာရာနေ့၌ အလွန်ပူသော နို့ဃနာကို သပိတ်အပြည့် လှူကြ၏၊ သပိတ်ပူနေ၍ တပြောင်းပြန်ပြန် လှည့်ကိုင် နေသော ပစ္စေကဗုဒ္ဓါတို့ကို မြင်၍ (ခုဇ္ဇုတ္တရာ အလောင်း) အလုပ်အကျွေးမသည် မိမိပိုင် ဆင်စွယ်လက်ကောက် ရှစ်ခုတို့ကို သပိတ်ခြေအဖြစ် သုံးစွဲရန် လှူဒါန်းသည်၊ ထိုက်ကြောင့် ပိဋကတ်သုံးပုံကို ဆောင်နိုင်သော ပညာကြီးသူဖြစ်သည်၊ ၁၄၄

**ဆင်စွယ်လက်ကောက်ရှိရာအရပ်** နန္ဒမူလက တောင်ဝှမ်း၊

ပါဠိစီ ဘိက္ခဝေ ယေကေစိ ပမတ္တာ၊ တေ ဝဿသတံ ဇီဝန္တာပိ မတာယေဝ နာမ၊ ယေ အပ္ပမတ္တာ၊ တေ မတာပိ ဇီဝန္တိယေဝ၊ တသ္မာ မာဂဏ္ဍီပိ မတာယေဝ နာမ၊ သာမာဝတိပ္ပမုခါ ပဉ္စသတာ ဣတ္ထိယော မတာပိ ဇီဝန္တိယေဝ နာမ၊ ၁၄၅

http://www.dhammadownload.com



**ပိဋကတ်သုံးပုံ ပါဝင်သောတရား အပ္ပမာဒတရား၊**

**အပ္ပမာဒတရားသည် အမြတ်ဆုံးဖြစ်ခြင်း**

သလုံးမြင်းခေါင်းဖြင့် သွားလာသော သတ္တဝါတို့၏ ခြေရာတို့သည် ဆင်ခြေရာ၌သာ ပေါင်းဆုံ၍ ဆင်ခြေရာသည် အမြတ်ဆုံးဖြစ်သကဲ့သို့ ကုသိုလ်တရား အားလုံးသည် အပ္ပမာဒတရားဟူသော အရင်းခံ သက်ရောက်ရာ ရှိသောကြောင့် အပ္ပမာဒတရားသာ အမြတ်ဆုံး ဖြစ်ပါသည်၊

**အပ္ပမာဒဟူသောအမည်သည်** သတိနှင့် မကင်းပဲနေခြင်း အာရုံ၌ အမြဲ ကပ်၍တည်သော သတိ၏ အမည်ဖြစ်သည်၊ ၁၄၅

**အမတဟုခေါ်ခြင်း** မဖြစ်(ပဋိသန္ဓေမနေရ)သည့်အတွက် မအိုရ မသေရသောကြောင့် နိဗ္ဗာန်ကို 'အမတ'ဟု ခေါ်ပါသည်၊

**ပမာဒေါဟူသော အမည်သည်** ပျောက်ကင်းသော သတိဟု ဆိုအပ်သော သတိကို စွန့်လွှတ်ခြင်း၏ အမည်ဖြစ်ပါသည်၊ ၁၄၆

**အရိယာနံအရ** ဘုရား ပစ္စေကဗုဒ္ဓါ မြတ်စွာဘုရားသာဝက၊

**သာတတိကာ**

တောထွက်ရာအခါမှစ၍ အရဟတ္တမဂ်တိုင်အောင် အမြဲဖြစ်သော ကာယိကဝီရိယ စေတသိကဝီရိယ ရှိကုန်၏၊ ၁၄၇

**ဒဠှပရက္ကမာ** ယောကျ်ားတို့၏ အစွမ်း လုံ့လဝီရိယဖြင့် ရောက်ထိုက်သော အရဟတ္တဖိုလ်သို့ မရောက်မချင်း ရပ်တန့်ခြင်းမရှိသော ဝီရိယမျိုးဖြင့် အရဟတ္တဖိုလ် မရောက်မီ အကြား၌ မဆုတ်နစ်မူ၍ အမြဲဖြစ်သော ခိုင်မြဲသောလုံ့လနှင့် ပြည့်စုံသူ၊

http://www.dhammadownload.com



### နိဗ္ဗာန်ကို ယောဂက္ခေမဟု ဆိုခြင်း

လူအပေါင်းကို ဝင့်ဆင်းရဲ၌ နှစ်မြုပ်စေတတ်သော ယောဂ လေးပါးဟူသော ဘေးမရှိသောကြောင့်၊

အလုံးစုံသော လောကီ, လောကုတ္တရာ တရားတို့ထက် မြတ်သောကြောင့် နိဗ္ဗာန်ကို အနုတ္တရ ဟု ဆိုသည်၊

### ၂။ ကုမ္ဘဃောသကဝတ္ထု

ကုမ္ဘဃောသကသည် သေဘေးမှကြောက်သောကြောင့် နံရံကိုဖောက် ထွက်ပြေးကာ တောင်ထူထပ်ရာ အရပ်၌ (၁၂)နှစ်ပတ်လုံး နေသည်၊

ကုမ္ဘဃောသက ငယ်ရာအခါ၌ သွား၍ ဆံ, မုတ်ဆိတ် ကျင်စွယ် ပေါက်ရာအခါမှ ပြန်လာသောကြောင့်၊

### ကုဋ္ဌေလေးဆယ်ကို ထုတ်မသုံးခြင်းအကြောင်း

ငါ့ကို မည်သူမျှမမှတ်မိ၊ ငါသည် ဒီဥစ္စာကိုထုတ်ပြီး သုံးလိုက်လျှင် "ဆင်းရဲသားတစ်ယောက်သည် ရွှေအိုးကို တူးဖော်အပ်ပြီ"ဟုပြော၍ ငါ့ကိုဖမ်းပြီး ညှင်းဆဲလိမ့်မည်-ဟု ကြံသောကြောင့်၊

### ကုမ္ဘဃောသကအလုပ်

နံနက်စောစောထပြီး "အမောင်တို့ ထကြ လှည်းတွေကြ နွားတွေ ယှဉ်စေကြ ဆင်မြင်းတွေ မြက်စားရန် သွားချိန်တန်ပြီ၊ အမိတို့လဲ ထကြ ယာဂုကျိုကြ ထမင်းချက်ကြ"ဟု လှည့်လည် ပြောကြားရသည်၊

http://www.dhammadownload.com



ဗိမ္ဗိသာရမင်းသည် အလုံးစုံသော သူတို့၏ အသံကိုသိသည်၊
ငွေတစ်ထောင်ယူ၍ စုံထောက်လုပ်သူ အလုပ်အကျွေးမိန်းမ၊

ပါဠိစီ အန္တရာပဏာတော ဘာဇနာနိစေဝ ပရိသုဒ္ဓတဏ္ဍုလာ-
ဒီနိစ အာဟရာပေတွာ ရာဇကုလေ ပစနနိယာမေန သုပရိသုဒ္ဓံ ဩဒနံ,
သာစုရသာနိစ ဒွေတိဏ ိ သူပဗျဉ္ဇနာနိ ပစိတွာ တဿ အရညတော
အာဂတဿ အဒါသိ၊

ရိုးသားမှုဂုဏ်ပြု များစွာသော ပူဇော်သက္ကာရဖြင့်
သူဌေး ရာထူးပေးပြီး သမီးတော်ကို အပ်နှင်းသည်၊ ၁၅၁

နိသျ စတ္တာလီသကောဋိဝိဘဝေါ ဟောန္တောပိ
ဥပ္ပိလာဝိတာကာရံဝါ အသ္မိမာနမတ္တံ ဝါ န ကရောတိ၊

ပါဠိစီ ပုရိသဿ ဟိ နေပါရိဇ္ဇကာလေ ကာယိကံဝါ ဘာတိကံဝါ
ကတွာ ဇီဝိကမေဝ ဓမ္မိကဇီဝိကံ နာမ၊

ဥစ္စာပျက်စီးသောအခါ လယ်ထွန်ခြင်း အခစားလုပ်ခြင်းဖြင့်
အသက် မွေးခြင်းသည်သာ တရားနှင့်လျော်သော အသက်မွေးခြင်း
ဖြစ်သည်၊

ကုမ္ဘဃောသက သူဌေးဖြစ်ခြင်းအကြောင်း

၁။ ထကြွလုံ့လ ဝီရိယရှိခြင်း၊ ၂။ သတိရှိခြင်း၊
၃။ စင်ကြယ်သောအမှုရှိခြင်း၊ ၄။ စူးစမ်းဆင်ခြင်၍ ပြုလေ့ရှိခြင်း၊
၅။ စောင့်စည်းအပ်သော ကာယကံရှိခြင်း၊
၆။ တရားသဖြင့်အသက်မွေးလေ့ရှိခြင်း၊
၇။ မမေ့မလျော့ နေလေ့ရှိခြင်း၊

http://www.dhammadownload.com



နိသမ္မကာရိနော "ဒီလိုဖြစ်လျှင် ဒီလိုလုပ်မည်" ဟုသော် လည်းကောင်း "ဤအလုပ်ကို ဤသို့ပြုလုပ်လျှင် ဤမည်သော အကျိုး ဖြစ်မည်"ဟုသော် လည်းကောင်း အကြောင်းကိုမှတ်သား၍ ရောဂါကို ဆေးကုခြင်းကဲ့သို့ အလုံး စုံသော အမှုတို့ကို စူးစမ်း နှိုင်းချိန်၍ပြုသူ၊

## ဓမ္မဇီဝိနော တရားသဖြင့် အသက်မွေးခြင်း

လူတို့အား ချိန်ခွင်ဖြင့် စဉ်းလဲကောက်ကျစ်ခြင်း စသည်တို့ကို ရှောင်ကြဉ်၍ လယ်ထွန်ခြင်း နွားကျောင်းခြင်း စသည်တို့ဖြင့်လည်းကောင်း ရဟန်းတို့အား ဆေးကုမှု တမန်လုပ်မှု စသည်တို့ကို ရှောင်ကြဉ်၍ ဆွမ်းခံလှည့်လည်ခြင်းဖြင့် လည်းကောင်း အသက်မွေးရမည်၊ ၁၅၂

## ပရိဝါရသရုပ်

အစိုးရသူ၏ ဖြစ်ကြောင်းဖြစ်ရာ ရာထူးဂုဏ်သိမ် စည်းစိမ်နှင့် ပြည့်စုံသူဟု ဆိုအပ်သော ပရိဝါရယသ၊ ချီးမွမ်းအပ်သော ဂုဏ်သတင်းကို ပြောဆိုခြင်းဟု ဆိုအပ်သော ကိတ္တိယသ၊

## ၃။ စူဠပန္ထကတ္ထေရဝတ္ထု

## သမီးတစ်ကောင် နွားတစ်ထောင်

ရာဇဂြိုဟ်မြို့နေ ဓနသေဋ္ဌိသူဌေး၏သမီး အရွယ်ရောက်ရာ အခါ၌ မိဘတို့က ဘုံ(၇)ဆင့်ရှိသော ပြာသာဒ်၏အထက်အပြင်၌ အထူး စောင့်ရှောက် ထားသော်လည်း မိမိ၏ ကျွန်ဖြစ်သူနှင့် ထွက်ပြေး သွားသည်၊

ပါဠိစီ "သစာဟံ တတ္ထ ဂမိဿာမိ၊ ဇီဝိတံ မေ နတ္ထိ" တိ ဘယေန "အဇ္ဇ ဂစ္ဆာမ၊ သွေ ဂစ္ဆာမာ"တိ ဒိဝသေ အတိက္ကာမေသိ။

http://www.dhammadownload.com



ပဋ္ဌကမည်ခြင်း    လမ်း၌ မွေးဖွားသောကြောင့်၊ ပန္ထေ ဇာတတ္တာ ပန္ထကော၊

ပါဠိစီ   သော အယျက် အာဟ "သစေ မံ အနုဇာနေယျာထ၊ အဟံ ပဗ္ဗဇေယျ"န္တိ၊ ကိံဒေသိ တာတ၊ သကလဿ လောကဿပိ မေ ပဗ္ဗဇ္ဇာတော တဝ ပဗ္ဗဇ္ဇာ ဘဒ္ဒိကာ၊ သစေ သက္ကောသိ၊ ပဗ္ဗဇ္ဇာဟီတိ၊

မဟာပန္ထကကို ရှင်ပြုပေးသူ    ပိဏ္ဍပါတစာရိက ရဟန်း၊

ရှင်မပြုမီ ပေးအပ်သောကမ္မဋ္ဌာန်း တစပဉ္စက ကမ္မဋ္ဌာန်း၊   ၁၅၅

အဘိုးက ရဟန်းပြုစေလိုခြင်းအကြောင်း

သူဌေးသည် သာသနာတော်၌ လွန်စွာကြည်ညိုသောကြောင့် လည်းကောင်း၊ "ဤကလေးတို့သည် ဘယ်သမီးရဲ့ သားတွေလဲ"ဟု အမေးခံရလျှင် "ထွက်ပြေးသွားသော သမီး၏သား"ဟု ပြောရမှာ ရှက်သောကြောင့်လည်းကောင်း၊

စူဠပန် ပဋိသမ္ဘိဒာဉာဏ်လေးခြင်းလော

"သော ပဗ္ဗဇိတွာဝ ဒန္ဓော အဟောသိ"ကိုထောက်၍ ပဋိသမ္ဘိဒာဉာဏ် လေးခြင်း မဟုတ်ပါ၊ ရဟန်းပြုပြီးမှ ဉာဏ်လေးခြင်း ဖြစ်ပါသည်၊

"ပဒ္မံ"    စသောဂါထာကို မဟာပန္ထကသည် စူဠပန္ထကအား (၄)လ ပို့ချပါသည်၊

http://www.dhammadownload.com



## စူဠပန္ထက ဉာဏ်လေးခြင်းအကြောင်း

စူဠပန္ထကသည် ကဿပဘုရားရှင် လက်ထက်၌ ရဟန်းပြု၍ ပညာရှိဖြစ်ပြီး ဉာဏ်လေးသောရဟန်း ပါဠိသင်ယူရာအခါ ပျက်ရယ် ပြောင်လှောင်မှု ပြုခဲ့သည်၊ ထိုရဟန်းသည် ပြောင်လှောင်ခံရခြင်းကြောင့် ပါဠိကိုလည်းမသင် သရဇ္ဈာယ်ခြင်းလည်း မပြုတော့၊ ထိုအကုသိုလ် ကံကြောင့် ဉာဏ်လေးပါသည်၊

## ဉာဏ်လေးပုံ

သင်ယူအပ် သင်ယူအပ်ပြီးသောပုဒ်သည် အထက်အထက် ပုဒ်ကို သင်ယူစဉ် ပျောက်သွားသည်၊

| | |
|---|---|
| လူမထွက်လိုခြင်း | ဘုရားသာသနာတော်၌ ချစ်ခြင်းကြောင့်၊ |
| လူထွက်လိုခြင်း | နောင်တော်က နှင်ထုတ်သောကြောင့်၊ |

| | |
|---|---|
| စူဠပန္ထက ရဟန်းအဖြစ်သည် | မြတ်စွာဘုရား၏ ဥစ္စာဖြစ်သည်၊ |

## မြတ်စွာဘုရားသည်

စက်လက္ခဏာတို့ဖြင့် မှတ်သားအပ်သော အပြင်ရှိသော လက်တော်ဖြင့် စူဠပန္ထကကို ဦးခေါင်း၌ သုံးသပ်၍ ခေါ်လာပြီး ဂန္ဓကုဋိမုခ်ဝ၌ ထိုင်စေကာ "စူဠပန္ထက အရှေ့အရပ်သို့ ရှေ့ရှုမျက်နှာမူ၍ ဤအဝတ်ပိုင်းကို 'ရဇောဟရဏံ ရဇောဟရဏံ' ဟုဆုပ်နယ်လျက် ဤအရပ်၌ပင်တည်လော"ဟုပြော၍ တန်ခိုးဖြင့် ဖန်ဆင်း အပ်သော ထက်ဝန်းကျင် စင်ကြယ်သော အဝတ်ကို ပေးတော်မူသည်၊

http://www.dhammadownload.com



## အရှင်စူဠပန် တရားအားထုတ်

"အလွန်စင်ကြယ်သော အဝတ်ပိုင်းသည် ဤခန္ဓာကိုယ်ကိုမှီ၍ ရှေးသဘောကို စွန့်ပြီး ညစ်နွမ်းသွားပြီ၊ သင်္ခါရတို့သည် မမြဲပါတကား"ဟု ကုန်ခြင်း ပျက်ခြင်းကို ဖြစ်စေ၍ ဝိပဿနာကို တိုးပွားစေသည်၊ ၁၅၇

## ပဋိသမ္ဘိဒါပတ္တ အရဟတ္တဖလ ကျေးဇူးပြု ဒေသနာ

"ရာဂေါ ရဇော န စ ပန ရေဏု ဝုစ္စတိ"စသော (၃)ဂါထာ၊

"အပ္ပမာဒရတော ဘိက္ခု"စသော (၂)ဂါထာ၊

စူဠပန်ထေရ်သည် "ရာဂေါ ရဇော" စသော ဂါထာသုံးပုဒ်အဆုံး၌ ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ ရဟန္တာဖြစ်ပါသည်၊

၁၇-ခု မေးခွန်း ပရိယတ္တိဉာဏ် အလွန်ညံ့ဖျင်းသော ယောဂီသည် အထက်တန်းကျ ပဋိဝေဓဉာဏ် ရ မရ ဝတ္ထုသက်သေပြ၍ ဆုံးဖြတ်ခဲ့ပါ၊

## ရဇောဟရဏ ကမ္မဋ္ဌာန်းပေးရခြင်းအကြောင်း

ရှေးဘဝ၌ ဘုရင်ဖြစ်၍ မြို့ကိုလက်ျာရစ်လှည့်လည်စဉ် နဖူးမှထွက်သော ချွေးကို စင်ကြယ်သော အဝတ်ဖြင့်သုတ်ရင်း ညစ်နွမ်းသွားသည်၊ ထိုမင်းသည် "ဤကိုယ်ကိုမှီ၍ ဤသို့သဘောရှိသော အဝတ်သည် ရှေးသဘောကိုစွန့်၍ ညစ်နွမ်းသွားပြီ၊ သင်္ခါရတွေ မမြဲပါတကား"ဟု အနိစ္စသညာကို ရခဲ့သောကြောင့်၊

## စူဠပန္ထက တန်ခိုးပြ

အချို့ရဟန်းတွေက သင်္ကန်းချုပ်ကြ၊ အချို့ရဟန်းတွေက

http://www.dhammadownload.com



သက်န်းဆိုးကြ၊ အချို့ရဟန်းတွေက စာပြန်ကြနှင့် တပါးနှင့်တပါး မတူသော ရဟန်းတစ်ထောင်ကို သရက်ဥယျာဉ်နှင့်အပြည့် ဖန်ဆင်းထားသည်၊

ရဟန်းများ ကွယ်ပျောက်သွားအောင် "ငါ စူဠပန္ထက"ဟု ရှေးဦးစွာ ပြောသူ၏ လက်ကိုကိုင်ပါ၊

ဂန္ဓကုဋိ ကောင်းသောအနံ့တို့ဖြင့် ထုံအပ်သောကြောင့်၊

ညနေဆည်းဆာ ဓမ္မကထာ

ငါရှင်တို့ မဟာပန္ထကသည် စူဠပန္ထက၏ အဇ္ဈာသယကို မသိ၍ (၄)လတို့ဖြင့် ဂါထာတစ်ပုဒ် သင်ယူစေခြင်းငှါ မစွမ်းနိုင်ဘဲ ဉာဏ်လေးသူဟု ယူဆကာ စူဠပန္ထကကို ကျောင်းမှ နှင်ထုတ်လိုက်သည်၊ မြတ်စွာဘုရားကား အတူမရှိ မြတ်သော တရားမင်းဖြစ်သောကြောင့် ဆွမ်းတထပ်မစားမီ အတွင်း၌ပင် ပဋိသမ္ဘိဒါလေးပါးတို့နှင့် အရဟတ္တဖိုလ်ကို ပေးသည်၊ ပဋိသမ္ဘိဒါ လေးပါးတို့နှင့်တကွ ပိဋကတ်သုံးပုံ အာဂုံဆောင်နိုင်သည်၊ သြော်..မြတ်စွာဘုရားတို့ အားသည် ကြီးကျယ်ပါပေစွ၊

ပါဠိစီ ကေဿပိ ဟတ္ထကုက္ကုစ္စံ ဝါ ပါဒကုက္ကုစ္စံ ဝါ ဥက္ကာသိတသဒ္ဒေါ ဝါ ခိပိတသဒ္ဒေါ ဝါ နတ္ထိ၊ ၁၅၉

ဓမ္မသဘင်၌ ငြိမ်သက်စွာ ထိုင်နေကြ

ရဟန်းတစ်ပါး၏လည်း လက်လှုပ်ခြင်း ခြေလှုပ်ခြင်း ချောင်းဟန့်သံ ခြေဆတ်သံ မည်သည်မရှိ၊

ဗုဒ္ဓအသံ ဗြဟ္မာမင်း၏ အသံနှင့်တူပါသည်၊

http://www.dhammadownload.com



## စစ်သူကြီးဖြစ်ကြောင်းမန္တန်

ဃန္တေသိ ဃန္တေသိ၊ ကိံ ကာရဏာ ဃန္တေသိ၊ အဟမ္ပိ တံ ဇာနာမိ ဇာနာမိ၊

"ဃန္တေသိ ဃန္တေသိ"စသောဂါထာကို ဒိသာပါမောက္ခ ဆရာကြီးက တက္ကသိုလ် ကျောင်းသားတစ်ယောက် (ဈူဠပန္ထက အလောင်း)ကို မိမိအား ကျေးဇူးများသောကြောင့် အသက်မွေးဝမ်းကြောင်း ပြုခြင်းငှာ သင်ပြပေးသည်၊

### ဂါထာတန်ခိုး

၁။ ဥမင်သူခိုးများ ပုဆိုးမဝတ်နိုင်ဘဲ ခြေဦးတည့်ရာ ပြေးကြရခြင်း၊

၂။ ဘုရင်ကိုလုပ်ကြံရန် ကြိုးစားသော ဆတ္တာသည်လည်း လုပ်ကြံမှု မအောင်မြင်ဘဲ ဘုရင်ကို ဝန်ချတောင်းပန်ရခြင်း၊

၃။ အသပြာတစ်ထောင် ဆရာစားရခြင်း၊

၄။ ဘုရင်က ပူဇော်သက္ကာရများစွာပြု၍ စစ်သူကြီး ရာထူးပေးခြင်း၊

ဇာတ်ပေါင်းခန်း တက္ကသိုလ်ကျောင်းသား စူဠပန္ထက၊ ၁၆၁
ဒိသာပါမောက္ခဆရာကြီး မြတ်စွာဘုရား၊
စူဠပန္ထကကို အကြောင်းပြု၍ဟောအပ်သောဇာတ် စူဠသေဋ္ဌိဇာတ်၊

### "အပ္ပကေနာပိ မေဓာဝီ" ဂါထာကို ဥပမာအပြင်ထုတ်

ဝိစက္ခဏော မေဓာဝီ အပ္ပကေနာပိ ပါဘတေန အတ္တာနံ သမုဋ္ဌာပေတိ (ကိမိဝ)မေဓာဝီ အဏုံ အဂ္ဂိံ သန္ဓမံ(သန္ဓမန္တော)မဟန္တံ အဂ္ဂိက္ခန္ဓံ သမုဋ္ဌာပေတိ ဣဝ၊

http://www.dhammadownload.com



လောကုတ္တရာတရား ပိုင်ရှင်ရဟန်း

ဤသာသနာ၌ အားထုတ်အပ်သော ဝီရိယရှိသောရဟန်း၊

"ဥဋ္ဌာနေနပ္ပမာဒေန" စသောဂါထာကို "အတိဂမ္ဘီရေ-အလွန်နက်သော သံသာရသာဂရေ-သံသရာတည်းဟူသော သမုဒ္ဒရာ၌" ဟု အာစာရထည့်၍ အနက်ပေးပါ၊ ၁၆၂

သံသရာကို သမုဒ္ဒရာဟု ခေါ်ရခြင်းအကြောင်း

အလွန်အကဲသာလျှင် ခဲယဉ်းသဖြင့် ရအပ်သော ထောက်တည်ရာရှိသည်၏ အဖြစ်ကြောင့် သံသရာကို သမုဒ္ဒရာဟု ခေါ်ပါသည်၊

ဒီပကာရဏဓမ္မ ထကြွလုံ့လဝီရိယရှိခြင်း မမေ့မလျော့ခြင်း စောင့်စည်း အပ်သော စတုပါရိ သုဒ္ဓိသီလရှိခြင်း ဣန္ဒြေတို့ကို ဆုံးမခြင်း၊

## ၄။ ဗာလနက္ခတ္တသဃုဋ္ဌဝတ္ထု

ဗာလနက္ခတ္တပွဲသဘင်အကြောင်း

ပညာမဲ့ကြ လူ့ဗာလတို့သည် ပြာ+နွားချေးတို့ဖြင့် ခန္ဓာကိုယ်ကို လိမ်းကျံ၍ (၇)ရက်ပတ်လုံး မသူတော်စကား ပြောကြားကာ လှည့်လည်ကြ၏၊ တစ်စုံ တစ်ယောက်သော ဆွေမျိုး ချစ်ကျွမ်းဝင်သူ ရဟန်းရှင်လူကို မြင်လည်း ရှက်ရမှန်း မသိ၊ တံခါးတိုင်းမှာ ရပ်တည်၍ မသူတော်စကား ပြောကြား၏၊ လူတို့သည် မသူတော်စကား နာကြားခြင်းငှာ မစွမ်းနိုင်မူ၍ စွမ်းအားရှိသမျှ တမတ် ငါးမူး တကျပ်ပေးမှ ထွက်သွားကြသည်၊

http://www.dhammadownload.com



ဗာလ ဤလောက တမလွန်လောကအကျိုးကို မသိသူများ၊

ပမာဒီနော မေ့လျော့ခြင်း၌ အပြစ်မမြင်ဘဲ မေ့လျော့ခြင်းဖြင့် အချိန် ဖြုန်းသူများ၊

ဓနံအရ ရတနာ(၇)ပါးဟူသော ဥစ္စာ၊ ၁၆၄

## လူမိုက်နှင့် လူလိမ္မာ စရိုက်ကွာခြား

လူမိုက်တို့သည် မေ့လျော့ခြင်း၌ အပြစ်မမြင်ဘဲ မေ့လျော့ခြင်းကို အားထုတ်ကြသည်၊ မေ့လျော့ခြင်းဖြင့် အချိန်ကုန်စေကြသည်၊ လူလိမ္မာတို့ကား အမျိုးအနွယ်မှလာသော ချီးမွမ်းအပ် မြတ်သော ရတနာ(၇)ပါး ဟူသော ဥစ္စာကို စောင့်ရှောက်သကဲ့သို့ မမေ့မလျော့ကြောင်း သတိကို စောင့်ရှောက်ကြသည်၊

## ဥစ္စာနှင့်အပ္ပမာဒကို စောင့်ရှောက်

မြတ်သောဥစ္စာကိုမှီ၍ "ကာမဂုဏ်၏ ပြည့်စုံခြင်းသို့ ရောက်အံ့၊ သားမယားကို လုပ်ကျွေးအံ့၊ နောက်လောကသို့ သွားကြောင်းလမ်းကို သုတ်သင်အံ့" ဟု ဥစ္စာ၌ပင် အကျိုးမြင်၍ စောင့်ရှောက်ကြသည်၊

ပညာရှိသည် "ပဌမဈာန်စသည်တို့ကိုရအံ့၊ မဂ်ဖိုလ်တို့သို့ ရောက်အံ့၊ ဝိဇ္ဇာသုံးပါး အဘိညာဉ်(၆)ပါးတို့ကို ပြည့်စုံစေအံ့"ဟု အပ္ပမာဒ၌ အကျိုးကိုမြင်ပြီး စောင့်ရှောက်ကြသည်၊

## ပဗ္ဗေါတိ ဝိပုလံ သုခံ၌ နိဗ္ဗာန်ရောက်ခြင်းအကြောင်း

အာရုံ၌ကပ်၍တည်သော သတိရှိသည်၏အဖြစ်ကြောင့် နိဗ္ဗာန် ရောက်ပါသည်၊

http://www.dhammadownload.com



ကာမရတိ သန္တဝံ့ဒ္ဓကာမသရုပ် ဝတ္ထုကာမ ကိလေသာကာမ၊

## ၅။ မဟာကဿပတ္ထေရဝတ္ထု

အရှင်မဟာကဿပသည် ပိပ္ပလိဂူ၌ နေစဉ် ရာဇဂြိုဟ်မြို့တွင် ဆွမ်းခံဝင်ပြီး ပြန်အလာ ရေမြေတောတောင် စသည်တို့၌ မေ့လျော့သော သတ္တဝါ မမေ့ မလျော့သောသတ္တဝါ, စုတေခါနီးသတ္တဝါ, ပဋိသန္ဓေနေပြီးခါစ သတ္တဝါတို့ကို ဒိဗ္ဗစက္ခုဖြင့် ကြည့်ရှုသည်၊ ၁၆၅

သတ္တဝါတို့၏ စုတိပဋိသန္ဓေကိုသိခြင်းသည် ဘုရားရှင်၏ အရာဖြစ်သည်၊ အရှင်မဟာကဿပ(သာဝက)၏ အရာမဟုတ်၊

ပါဠိစီ သဗ္ဗသော ပန စဝန္တေစ ဥပပဇ္ဇန္တေစ ဇာနိတုံ ပဿိတုံ ဗုဒ္ဓါနမေဝ ဝိသယော၊

## ပမာဒကို အပ္ပမာဒဖြင့်ပယ်

ရေကန်တွင်းသို့ စီးဝင်လာသော ရေသစ်သည် မိမိအထက်၌ ပြေးသွားသော ရေဟောင်းကို ရေကန်တွင်း၌ တည်နေခွင့်မပေးဘဲ ဖယ်ထုတ်သကဲ့သို့ ပညာရှိသောသူသည် မေ့လျော့ခွင့် မပေးဘဲ အပ္ပမာဒအဟုန်ဖြင့် ပမာဒကို ဖယ်ထုတ်သည်၊

ပဓံအရ စုတေခါနီးသတ္တဝါ ပဋိသန္ဓေနေပြီးခါစ သတ္တဝါကိုယူ၊
မီရောအရ ရဟန္တာပုဂ္ဂိုလ် (အရှင်မဟာကဿပ)

ဗာလေအရ မဖြတ်အပ်သော ဝဋ်မျိုးစေ့ရှိသော စုတေခါနီး သတ္တဝါ ပဋိသန္ဓေ နေပြီးခါစ သတ္တဝါ၊

http://www.dhammadownload.com



## စုတေဆဲ ပဋိသန္ဓေနေဆဲကို မြင်နိုင် မမြင်နိုင်

စုတိခဏ ပဋိသန္ဓေခဏသည် စိတ္တက္ခဏ တစ်ချက်မျှဖြစ်၍ အလွန်မြန် သောကြောင့် ထိုအခိုက်ရှိ ရူပါရုံကို ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့် သော်မှလည်း မမြင်နိုင်ပါ၊ ၁၆၅

## ပဗ္ဗတဋ္ဌော်ဝ ဘူမဋ္ဌေ

တောင်ထိပ်မှာနေသူသည် မြေပြင်မှာနေသူကို မြင်နိုင်သကဲ့သို့ ပြာသာဒ်၌နေသူသည် ပြာသာဒ်ပတ်ဝန်းကျင်၌ တည်နေသူတို့ကို မြင်နိုင် သကဲ့သို့ ရဟန္တာပညာရှိသည် မဖြတ်အပ်သော ဝဋ်မျိုးစေ့ရှိသော စုတေ ခါနီးသတ္တာ ပဋိသန္ဓေနေပြီးခါစ သတ္တာတို့ကို မြင်နိုင်ပါသည်၊

## ၆။ ပမတ္တာပမတ္တဒွေသဟာယကဝတ္ထု

## မာယာသာဠေယျများသူကို ဘုရားမနှစ်သက်ကြောင်း

ပမတ္တာပမတ္တ ဒွေသဟာယကဝတ္ထုကို ထောက်၍သိရသည်၊

ပါဠိစီ မဇ္ဈိမယာမေ ဝိဿမိတ္တာ ပစ္ဆိမယာမေ ပစ္စုဋ္ဌာယ သမဏဓမ္မံ ကရောတိ၊ သော ဧဝံ အပ္ပမတ္တော ဝိဟရန္တော နစိရဿေဝ သဟ ပဋိသမ္ဘိဒါဟိ အရဟတ္တံ ပါပုဏာတိ၊

အပ္ပမတ္တော   သတိ၏ ပြန့်ပြောသည်၏ အဖြစ်သို့ ရောက်သည်၏ အဖြစ်ကြောင့် အပ္ပမာဒနှင့် ပြည့်စုံသော ရဟန္တာပုဂ္ဂိုလ်၊

သုတ္တေသု   သတိ တည်းဟူသော   နိုးကြားသူ တို့၏ အဖြစ်မရှိခြင်းကြောင့် အလုံးစုံသော တ္တရိယာပုထ်တို့၌ အိပ်၍နေသူ၊

ပါဠိစီ   ကုဏ ပါဒံ   ဆိန္ဒဝေ   ဒုဗ္ဗလဿံ သီဃဇဝေါ သိန္ဓဝါဇာနီယော ဝိယ ဟိတ္ဘာ ယာတိ၊

http://www.dhammadownload.com



ပါဠိစီ မန္တပညာသို့ ဟိ ကော် သုတ္တံ ဂဟောတုံ ဝါယမန္တေယော
သုမေဓသော ကော် ဝဂ္ဂ ဂဏှာတိ၊ ဇဝံ တာဝ အာဂမေန ဟိတွာ ယာတိ၊

အာဂမအားဖြင့် ကျော်သွား

ပညာနည်းသူသည် သုတ်တစ်သုတ်ကို သင်ယူရန် အားထုတ်စဉ်ပင် ပညာရှိသည် တဝဂ်ကို သင်ယူနိုင်သည်၊

အဓိဂမအားဖြင့် ကျော်လွှား

ပညာနည်းသူသည် ညဉ့်နေရာအရပ် နေ့နေရာအရပ်ကို ပြုခြင်းငှါ အားထုတ်စဉ်ပင် ကမ္မဋ္ဌာန်းကိုသင်ယူရန် သရဏ္ဍှာယ်စဉ်ပင် ပညာရှိသည် ရှေးအဘို့၌ သူတပါးပြုအပ်ပြီးသော ညဉ့်နေရာ နေ့နေရာ အရပ်သို့ဝင်၍ ကမ္မဋ္ဌာန်းကို သုံးသပ်လျှက် ကိလေသာအားလုံး ကုန်ခမ်းစေပြီး လောကုတ္တရာ တရားကိုးပါးကို လက်ထဲရောက်အောင် ပြုနိုင်သည်၊ ဝဋ်၌ မန္ဒပညာပုဂ္ဂိုလ်ကိုစွန့်၍ ဝဋ်မှလွတ်မြောက်၍ သွားနိုင်သည်သာ၊

၇။ မဃဝတ္ထု

သကြားမင်းအကြောင်းမေးသူ မဟာလိမည်သော လိစ္ဆဝီ၊

မေးခြင်းအကြောင်း သက္ကပဉှသုတ္တန် ဒေသနာကို ကြားနာရသောကြောင့်၊

မဟာလိအမေး "သိကြားမင်းကို အရှင်ဘုရား မြင်ဘူးပါသလား၊ သိကြားအတုများ ဖြစ်နေရော့သလား" ဟု မေးပါသည်၊

ဗုဒ္ဓအဖြေ "ငါသည် သိကြားကိုလည်းသိ သိကြား ဖြစ်စေတတ်သော တရားကိုလည်းသိ သိကြားမင်း ဆောက်တည်ခဲ့သော တရားအစုံကိုလည်း သိ၏" ဟု ဖြေဆိုတော်မူသည်၊

http://www.dhammadownload.com



## သိကြားမင်း အမည်(၇)မျိုး

၁။ ရှေးလူဖြစ်စဉ်က မဃအမည် ရခဲ့သောကြောင့် မဃဝါ၊
၂။ ရှေးလူဖြစ်စဉ်က အလှူပေးခဲ့သောကြောင့် ပုရိန္ဒ၊
၃။ ရှေးလူဖြစ်စဉ်က ရိုသေစွာ အလှူပေးခဲ့သောကြောင့် သက္က၊
၄။ ရှေးလူဖြစ်စဉ်က နေရာဇရပ်ကို လှူခဲ့သောကြောင့် ဝါသဝ၊
၅။ အနက်အဓိပ္ပါယ် တစ်ထောင်ကို တမဟုတ်ချင်း သိနိုင်၍သဟဿက္ခ၊
၆။ သုဇာမည်သောအသုရာအမျိုးသမီး၏ လင်ဖြစ်သောကြောင့် သုဇမ္ပတိ၊
၇။ တာဝတိံသာနတ်တို့၏ အကြီးအကဲ အစိုးရဖြစ်သောကြောင့် ဒေဝါနမိန္ဒ၊

ဂါထာ မဃဝါ ပုရိန္ဒဒေါ သက္ကော၊ ဝါသဝေါစ သဟဿက္ခော၊
သုဇမ္ပတိ ဒေဝါနမိန္ဒော၊ သက္ကနာမောတိ ဝုစ္စတိ၊

## သိကြားဖြစ်ကြောင်း တရား(၇)ပါး

အသက်ထက်ဆုံး မိဘကိုလုပ်ကျွေးခြင်း၊ အသက်ထက်ဆုံး အမျိုး၌ ကြီးသူကို ရိုသေခြင်း၊ အသက်ထက်ဆုံး နူးညံ့သောစကားရှိခြင်း၊ အသက်ထက်ဆုံး ကုန်းချောစကား မပြောကြားခြင်း၊ အသက်ထက်ဆုံး မစ္ဆေရအညစ်အကြေး ကင်းသောစိတ်ဖြင့် လွတ်လွတ်ကျွတ်ကျွတ် စွန့်ကြဲခြင်းရှိသည် ဖြူစင်သောလက်ရှိသည် စွန့်ကြဲခြင်း၌ မွေ့လျော်သည် ပေးလှူခြင်း ခွဲခြမ်းဝေဘန်ခြင်း၌ မွေ့လျော်သည်ဖြစ်၍ အိမ်၌နေခြင်း၊ အသက်ထက်ဆုံး မှန်သောစကား ပြောကြားခြင်း၊ အသက်ထက်ဆုံး အမျက်မထွက်၊ အမျက်ထွက်လျှင်လည်း လျှင်မြန်စွာ ပယ်ဖျောက်နိုင်ခြင်း၊

[ဆောင်] မိဘကို မွေးမြူလို့, ကြီးသူတဲ့ ရိုသေ,စကားသစ္စာနှင့်,
ဖရုသာ ပိသုဏာ, ဝေးလှပါစေ၊ မျက်ကောဓေ, မစ္ဆေရှောင်ရှား၊
ဒီတရား(၇)ဆူနှင့် ပြည့်စုံသူ ထိုလူအား, ဖြစ်လိမ့် သိကြား၊

http://www.dhammadownload.com



မဃနေရပ်    မဂဓတိုင်း မစလရွာ၊        ၁၆၈

## မဃ ပြည်သူ့အကျိုးပြုလုပ်ငန်း

၁။ ရွာသားတို့ အလုပ်လုပ်ရာ အရပ်သို့သွား၍ မိမိတည်ရာ အရပ်ကို ခြေဖျားဖြင့် မြူမှုန့်တွေ ယက်ထုတ်ပြီး မွေ့လျော်ဘွယ် ကောင်းအောင် လုပ်ကာနေသည်၊ အခြားသူက လက်မောင်းဖြင့် ပုတ်ခတ်ပြီး နေရာကို လုယူသော်လည်း စိတ်မဆိုးဘဲ အခြားနေရာအရပ်ကို မွေ့လျော်ဘွယ် ဖြစ်အောင် လုပ်ပြန်သည်၊ လုပ်တိုင်း လုပ်တိုင်းသော အရပ်ကို လုယူ ကြသည်၊ မဃကား စိတ်မဆိုးသည့် အပြင် "ငါ့ကိုမှီ၍ လူအများ ချမ်းသာကြသည်"ဟု ဝမ်းသာနေသည်၊

၂။ နောက်နေ့၌ ပေါက်တူးယူ၍ ကောက်နယ် တလင်းမျှ လောက်သောအရပ်ကို အများအတွက် မွေ့လျော်ဘွယ်ကောင်းအောင် လုပ်ပေးပြီး အေးလျှင် မီးမွှေးပေး၍ ပူလျှင် ရေခပ်ပေးသည်၊

၃။ လမ်းကို ညီညာအောင် ညှိလျက် ဖြတ်ပြီး ဖယ်ရှား ထိုက်သော သစ်ပင်တို့ကို ဖယ်ရှားလျက် လှည့်လည်သည်၊

၄။ လမ်းလေးခွ၌ လူအများအပန်းဖြေရန် ဇရပ်တစ်ဆောင် ဆောက်လုပ်၍ လာလာသမျှလူတို့အား ခြေဆုပ်လက်နယ်မှု ကျောက်ကုန်း၌ ချေးတွန်းမှုပြု၍ သောက်ရေ ခဲဘွယ်ဘောဇဉ် အိပ်ရာတို့ကိုလည်း စီစဉ်ပေးသည်၊

လမ်းပြင်ပေးသူ        (၃၃)ယောက်၊

လမ်းပြင်ပြီးအရပ် တစ်ယူဇနာ နှစ်ယူဇနာ အတိုင်းအရှည်ရှိသောအရပ်၊

## ရွာစား စေခိုင်းမှု

တောထဲမှ ငါး အမဲစသည် ဆောင်ကြ၊ သေရည်လုပ်ပြီး သောက်ကြ၊ အခြား ဤသို့သဘောရှိသော အလုပ်လုပ်ကြ၊

http://www.dhammadownload.com



## မဃလုလင် ဩဝါဒ

မိတ်ဆွေတို့ ငါတို့မှာ မေတ္တာမှတပါး အခြားကိုးကွယ်ရာမရှိ၊ သင်တို့သည် တစ်စုံတစ်ယောက်၌ စိတ်မဆိုးဘဲ မင်း ရွာစား နင်းမည့်ဆင် မိမိ၌ မေတ္တာစိတ်ဖြင့် အညီအမျှ ထားကြ၊

**ဆင်မနင်းရဲခြင်းအကြောင်း** မေတ္တာ၏ အာနုဘော်ကြောင့်၊

## မေတ္တာအကျိုး စည်းစိမ်တိုး

သားမယားနှင့်တကွဖြစ်သော ရွာစားကို မဃအဖွဲ့၏ ကျွန်အဖြစ်ဖြင့်၊ ဆင်ကိုလည်း စီးတော်ဆင် အဖြစ်ဖြင့်၊ ထိုရွာကိုလည်း ချမ်းသာသလို သုံးဆောင် နိုင်ရန် ပေးလိုက်သည်၊

## ဇရပ်ဆောက်ရာတွင် မာတုဂါမကိုကြဉ်

မာတုဂါမတို့၌ ကင်းသောဆန္ဒရှိသောကြောင့် မာတုဂါမကို ကြဉ်ပါသည်၊

**မဃမယား(၄)ယောက်** နန္ဒာ စိတ္တာ သုဓမ္မာ သုဇာ၊

**မိန်းမကောင်းရာဌာန** ဗြဟ္မာ့ပြည်၊

## သုံးမျိုးသုံးစား ခွဲခြားထား

အစိုးရသူတို့အတွက် တစ်နေရာ၊ ဆင်းရဲသားတို့အတွက် တစ်နေရာ၊ မကျန်းမာသူတို့အတွက် တစ်နေရာ ခွဲခြားထားသည်၊

**အပန်းဖြေဇရပ်၌ပျဉ်ချပ်** (၃၃) ချပ်၊

**မဃသည်** ဇရပ်အနီး၌ ပင်လယ်ကသစ်ပင်စိုက်၍ ထိုသစ်ပင်ရင်း၌ ကျောက်ဖျာခင်းသည်၊

http://www.dhammadownload.com



နန္ဒာသည်     သောက်ရေ ချိုးရေ အလို့ငှါ ရေကန်တူးသည်၊
စိတ္တာသည်   ပင်တိုင်းပွင့် ပင်တိုင်းသီးသော ပန်းခြံစိုက်ပျိုးသည်၊

လင်ပြုမယားဆိုင် မယားပြုလင်ဆိုင် ဖြစ်နိုင်မဖြစ်နိုင်

မဃ၏ဇနီး သုဇာသည် "ငါသည် မဃ၏ဦးလေးသမီးလဲဟုတ်, ခြေရင်း အလုပ်အကျွေးလဲဟုတ်, သူပြုသမျှ ငါပိုင်တယ်၊ ငါပြုသမျှ သူဆိုင်တယ်"ဟုတွေးပြီး ဘယ်ကုသိုလ်ကိုမျှ မပြု ခန္ဓာကိုယ်ကိုသာ အလှပြင်၍ အချိန်ဖြုန်းခဲ့သောကြောင့် သေပြီးနောက် ဗျိုင်းမဖြစ်ရသည်ကို ထောက်၍ ကုသိုလ်အရာ၌ လင်ပြုမယားဆိုင် မယားပြုလင်ဆိုင် မဖြစ်နိုင်ပါ၊ ၁၇၂

မဃသည်          တာဝတိံသာ၌ သိကြားမင်းဖြစ်သည်၊
အဖွဲ့ဝင်၃၃-ယောက်တို့သည် တာဝတိံသာနတ်ပြည်၌ပင် ဖြစ်ကြသည်၊
လက်သမားသည်          ဝိသကြုံနတ်သားဖြစ်သည်၊

ဗိသုကာကြီး-ဟူသောဝေါဟာရသည် အပ္ပမာဒဝဂ် မဃဝတ္ထု (ဝိဿကမ္မ) ဟူသောပုဒ်မှ ဆင်းသက်လာသည်၊

အသုရာတို့ ကောင်းမှုအာနုဘော်ကြောင့် မြင့်မိုရ်တောင်၏ အောက် အပြင်၌ အသုရာဗိမာန် ဖြစ်လာသည်၊

ပါဠိစီ ဒေဝါသုရသင်္ဂါမေ  အသုရေသု  ပရာဇိတေသု ဒသယောဇနသဟဿံ တာဝတိံ သနဂရံ နာမ နိဗ္ဗတ္တိ၊ ၁၇၃

http://www.dhammadownload.com



**တာဝတိံသာ၌ အရှေ့ အနောက် တံခါး အကြားသည် ယူဇနာတစ်သောင်း၊**

**တောင် မြောက် တံခါး အကြားသည် ယူဇနာတစ်သောင်း၊ တံခါးပေါင်း တစ်ထောင်ရှိသည်၊**

**ဝေဇယန္တာပြာသာဒ်ရကြောင်း ရှေးကောင်းမှု**

ဇရပ်ဆောက်လုပ်ခဲ့သော ကုသိုလ်ကံကြောင့် ယူဇနာ (၃၀၀၀)မြင့်သော တံခွန်တို့ဖြင့် တန်ဆာဆင်အပ်သော ရတနာ (၇)ပါးဖြင့် ပြီးသော ယူဇနာ (၇၀၀)မြင့်သော ဝေဇယန္တာပြာသာဒ်ကိုရသည်၊

ရွှေရိုး၌ ပတ္တမြားတံခွန်၊ ပတ္တမြားရိုး၌ ရွှေတံခွန်၊ သန္တာရိုး၌ ပုလဲတံခွန်၊ ပုလဲရိုး၌ သန္တာတံခွန်၊ ရတနာ (၇)ပါးရိုး၌ ရတနာ (၇)ပါး တံခွန်၊ အလယ်မှ အမြင့်ဆုံး တံခွန်သည် ယူဇနာ (၃၀၀)မြင့်၍ ပြာသာဒ် အမြင့် ယူဇနာ (၇၀၀)နှင့်ပေါင်းသော် ယူဇနာ တစ်ထောင်မြင့်သော ကြီးကျယ်ခမ်းနားသော ဝေဇယန္တာပြာသာဒ်ကို ရသည်၊

**ပင်လယ်ကသစ်ပင် စိုက်ခြင်းကြောင့်** အဝန်းယူဇနာ (၃၀၀)ရှိသော ပင်လယ်ကသစ်ပင်ကိုရသည်၊

**ကျောက်ဖျာလှူခဲ့ခြင်းကြောင့်** ပင်လယ်ကသစ်ပင်ရင်း၌ အလျားယူဇနာ (၆၀)၊ အနံယူဇနာ (၅၀)၊ အထု (၁၅) ယူဇနာရှိသော လယ်ခေါင်ရမ်းပန်းအဆင်း ကမ္ဗလာအဆင်းကဲ့သို့ နီသောအဆင်းရှိသော ပဏ္ဍုကမ္ဗလာ ကျောက်ဖျာကို ရသည်၊

http://www.dhammadownload.com



ထိုကျောက်ဖျာ၌ ထိုင်လိုက်လျှင် ကိုယ်တစ်ဝက် နစ်မြုပ်သွား၍ ထလိုက်လျှင် ယုတ်လျော့သော နေရာများ ပြန်၍ ပြည့်သွားသည်၊

ရောဝဏ်စီးတော်ဆင် တိရစ္ဆာန်ဟုတ် မဟုတ်

"ဒေဝလောကသ္မိံ ဟိ တိရစ္ဆာနဂတာ န ဟောန္တိ"ကို ထောက်၍ တိရစ္ဆာန် မဟုတ်ပါ၊

၁၇-ခု၊ မေးခွန်း

"ဟတ္ထိ ပန ရောဝဏောနာမ ဒေဝပုတ္တော ဟုတွာ နိဗ္ဗတ္တိ"၌ ဟတ္ထိဟူသော စကားနှင့် ဒေဝပုတ္တောဟူသော စကားအချင်းချင်း မဆန့်ကျင်ပုံကို ဖော်ပြပါ။

ဖြေ ဘူတပုဗ္ဗဂတိနည်း (ရှေး၌တွင်သောနာမည်)အားဖြင့် ဟတ္ထိပုဒ်ကို ဆိုခြင်းဖြစ်၍ မဆန့်ကျင်ပါ၊

သိကြားမင်း စည်းစိမ်ခံစားပုံ

ရောဝဏ်နတ်သားသည် သိကြားမင်းနှင့် နတ်သား(၃၃)ယောက်တို့ ဥယျာဉ် ကစားထွက်ရာအခါ စီးရန် ဦးကင်း (၃၃)ခုပါသော ယူဇနာ(၁၅၀)ရှိ ဆင်အဖြစ် ဖန်ဆင်းပေးရသည်၊ သိကြားမင်းအတွက် နတ်သား(၃၃)ယောက် အလယ်၌ သုဒဿနမည်သော ယူဇနာ(၃၀)ရှိ ဦးကင်းအထက်၌ (၁၂)ယူဇနာ ကျယ်သော ရတနာမဏ္ဍပ်ရှိသည်၊

ယင်းမဏ္ဍပ်အလယ်၌ ရတနာ(၇)ပါးဖြင့်ပြီးသော တစ်ယူဇနာစီ မြင့်သော တံခွန်များရှိသည်၊ အပြင်ဘက်အစွန်း၌ လေတိုက်တိုင်း နတ်သီချင်းသံပမာ သာယာငြိမ့်ပြောင်းသော အသံမည်နေသော ခြူးပန်းခြူးနွယ်တို့ တည်ရှိနေသည်၊ မဏ္ဍပ် အလယ်၌ သိကြားမင်းထိုင်ရန် ပတ္တမြားပလ္လင် ခင်းထားသည်၊

http://www.dhammadownload.com



နတ်သား(၃၃)ယောက်တို့သည် မိမိဆိုင်ရာ ဦးကင်းပေါ်ရှိ ရတနာမဏ္ဍပ်၌ ထိုင်ကြသည်၊ ဦးကင်းတစ်ခုတစ်ခုမှာ အစွယ် (၇)ချောင်း ပါ၍ အစွယ်တစ်ချောင်း တစ်ချောင်းသည် ယူဇနာ(၅၀)စီရှိသည်၊ အစွယ် တစ်ချောင်းတစ်ချောင်း၌ ရေကန် (၇)ခုစီရှိ၏၊ ရေကန်တစ်ခုတစ်ခု၌ ပဒုမ္မာ (၇)ပင်ရှိသည်၊ ပဒုမ္မာတစ်ပင်တစ်ပင်၌ ရွက်ချပ်ပေါင်း (၇)ချပ်စီရှိသည်၊ ရွက်ချပ်တစ်ခုတစ်ခု၌ နတ်သမီး(၇)ယောက်စီ ကနေကြသည်၊ ပတ်ဝန်းကျင် ယူဇနာ (၅၀)စီရှိသော ဆင်စွယ်တို့အပေါ်၌လည်း နတ်သမီးများ ကနေကြသည်၊

**ဧရာဝဏ်ဆင် အစွယ် (၂၃၁)ချောင်း၊**

နတ်သား(၃၃)ယောက်အတွက် ဆင်ဦးကင်း ၃၃ခု၊ ဆင်ဦးကင်း တစ်ခုတစ်ခု၌ ဆင်စွယ် ၇ချောင်းစီ ရှိသဖြင့်– ၃၃ × ၇= ၂၃၁ ချောင်း၊

**တာဝတိံသာမှ ရှခင်းသာ ယူဇနာ (၉၀၀)ရှိသော သုဓမ္မာနတ်သဘင်၊**

**သုဓမ္မာနတ်သဘင်၌** လစဉ် (၈)ရက်နေ့တိုင်း တရားပွဲ ကျင်းပကြသည်၊

**ချီးမွမ်းဖွယ်ရာ သုဓမ္မာ**

ယနေ့တိုင် အခြားသော မွေ့လျော်ဘွယ်ကောင်းသော အရပ်ကို မြင်လျှင် "သုဓမ္မာ နတ်သဘင်ကဲ့သို့ပါတကား"ဟု ပြောကြားသည်၊

**နန္ဒာရေကန် + စိတ္တလတာဥယျာဉ် ယူဇနာ (၅၀၀)စီ၊**

http://www.dhammadownload.com



## စိတ္တလတာဥယျာဉ် ပျော်စရာကောင်း

စုတေခါနီး ပုဗ္ဗနိမိတ်တို့ကို မြင်၍ အလွန်ပူဆွေးသောနတ်များပင် ဥယျာဉ်ထဲ ရောက်သွားလျှင် စုတေရမည့်အရေး မတွေးမိအောင် ပျော်စရာ ကောင်းသည်၊

**သုဓာသည်** တောင်ချောက်ကြားတစ်ခု၌ ဗျိုင်းမဖြစ်သည်၊

**ပါဠိစီ** သာ တတော ပဋ္ဌာယ သယံမတမစ္ဆကေယေဝ ပရိယေ သိတွာ ခါဒတိ၊ သဏ္ဍော ကတိပါဟစ္စယေန တဿာ ဝီမံသနတ္ထာယ ဂန္တွာဝါလုကာပိဋ္ဌေ မတမစ္ဆ ကောဝိလ ဟုတွာ ဥတ္တာနော နိပဇ္ဇိ၊

### သုဓာ ဘဝသံသရာ

သုဓာအမျိုးသမီးဘဝမှ ဗျိုင်းမ၊ ဗျိုင်းမဘဝမှ ဗာရာဏသီပြည် အိုးထိန်းသည် သမီး၊ အိုးထိန်းသည်သမီးဘဝမှ အသုရာပြည်၌ ဝေပစိတ္တိ အသုရာ၏ သမီးဖြစ်ပြီး သိကြားမင်း၏ ဇနီးဖြစ်သည်၊

**အဆင်းလှခြင်းအကြောင်း ငါးပါးသီလ၏အကျိုးကြောင့်၊ ၁၇၆**

**သိကြားမင်းသည်** သုဓာအား သခွားသီးအသွင်ဖြစ် (သခွားသီး အသွင်ရှိ ရတနာ (၇)ပါးတို့ဖြင့်) "ဤဥစ္စာသည် သင် အသက် မွေးခြင်းဌာ ဖြစ်သည်၊ ငါးပါးသီလတို့ကို မကျိုးမပေါက် မပျောက်မကြား အောင် စောင့်ရှောက်ပါ"ဟု ပြောပြီး ရတနာ (၇)ပါးတို့ကို လှည်းအပြည့် ပေးသွားသည်၊

**ပေးရာအရွယ်** ၁၅နှစ် ၁၆နှစ်အရွယ်၊

**အမျိုးသမီးအမည်** မစွန့်လွှတ်အပ်သော ငါးပါးသီလရှိသူ၊

http://www.dhammadownload.com



## သီလအကျိုး အလှတိုး

နှစ်ခုသောဘဝတို့၌ သီလကို ကောင်းစွာစောင့်ရှောက်ခဲ့သောကြောင့် လွန်ကဲသော အဆင်းရှိ၏၊ ရွှေအဆင်းနှင့်တူသော အဆင်းရှိ၏၊ အခြားသူတို့နှင့် မဆက်ဆံသော ရုပ်အသရေနှင့် ပြည့်စုံ၏၊

## ပန်းကုံးစွပ်ပွဲ

အသုရာဘုံ၌ ဝေပစိတ္တိအသုရာသည် သမီးနှင့်သင့်တော်သူကို မမြင်၍ အသုရာ အပေါင်းတို့ကို အစည်းအဝေးခေါ်ပြီး "သမီးနှစ်သက်တဲ့ လင်ကိုယူပါ" ဟုပြောပြီး သမီးကို ပန်းကုံးပေးလိုက်သည်၊ သုဇာသည် အသုရာအသွင် ဖန်ဆင်း ထားသော သိကြားမင်းကို မြင်ရုံဖြင့် ရှေး၌အတူ နေထိုင်ခြင်းကြောင့် ဖြစ်သော ချစ်ခြင်းသည် လွှမ်းမိုးအပ်သော စိတ်နှလုံး ရှိသည်ဖြစ်၍ သိကြားမင်းကို ပန်းကုံးစွပ်လိုက်သည်၊ ထိုပန်းကုံး စွပ်ပွဲမှ ရလာသည်၊

**'သိကြားအို' ဟူသောဝေါဟာရကို**

ပန်းကုံးစွပ်ပွဲ ကျင်းပရာအခါ၌ အသုရာတို့က သုံးစွဲသည်၊
**သုဇာကိုခိုးရာတွင်ပါဝင်သူ** မာတလိ၊

## ဂဠုန်ငှက်ငယ် အော်ခြင်းအကြောင်း

ရထားသံကြား၍ သေဘေးမှ ကြောက်သောကြောင့် အော်ကြပါသည်၊

## အသုရာ ပြန်လာခြင်းအကြောင်း

ဂဠုန်ငှက်ငယ်တွေ သေမည်စိုး၍ ပြန်လှည့်လာသော သိကြားမင်းကိုမြင်၍ "သိကြားမင်းသည် အသုရာပြည်မှ ထွက်ပြေးရင်း ယခု ပြန်လှည့်လာသည်၊ မချွတ်ကေန် သိကြားအိုသည် အထောက်အပံ့ (စစ်ကူ) ရလို့ဖြစ်မည်" ဟုထင်သောကြောင့်၊

http://www.dhammadownload.com



## သုတာဆုတောင်း

မင်းမြတ် ဤနတ်ပြည်မှာ မိဘမရှိ၊ အကို အမ ညီမ မရှိ၊ ကျွန်မကို သွားလေရာရာ ခေါ်သွားပါ၊
အသုရာ ရှေ့တန်းထွက်ချိန် ဆန်းကျယ်သော သခွပ်ပင် ပွင့်ရာအခါ၊

## အာလိင်ငါးဆင့်မှ အစောင့်(၅)ဦး

သမုဒ္ဒရာအောက်၌ နဂါး၊ နဂါးအထက်၌ ဂဠုန်၊ ဂဠုန်အထက်၌ ကုမ္ဘန်၊ ကုမ္ဘန်အထက်၌ ဘီလူး၊ ဘီလူးအထက်၌ နတ်မင်းကြီး လေးယောက်၊ အလုံးစုံသော သူတို့၏အထက်၌ သေားရန်ကို တားမြစ်ခြင်းငှါ ဝရဇိန် လက်စွဲသော သိကြားရုပ်များထားသည်၊ ၁၂၃

အပ္ပမာဒကို အမှီသဟဲပြုမှ လောကီ လောကုတ္တရာတရား ထူးခြားမှုကို ရနိုင်ပါသည်၊

| | |
|---|---|
| **ဒေဝါနံအရ** | စတုမဟာရာဇ်နတ် တာဝတိံသာနတ်၊ |
| **ပသံသန္တိ၏ကတ္တား** | ဗုဒ္ဓါဒယော အရိယာ၊ |
| **ဂရဟိတော၏ကတ္တား** | အရိယေဟိ၊ |

## အပ္ပမာဒကို ချီးမွမ်းခြင်းအကြောင်း

အလုံးစုံသော လောကီလောကုတ္တရာ တရားထူးတို့ကိုရခြင်း၏ အကြောင်း ဖြစ်သောကြောင့်၊

## ပမာဒကို ကဲ့ရဲ့ခြင်းအကြောင်း

လူဆင်းရဲဖြစ်ရခြင်း အပါယ်ရောက်ခြင်းစသော အလုံးစုံသော ပျက်စီး ခြင်းတို့၏ အကြောင်းဖြစ်သောကြောင့်၊

http://www.dhammadownload.com



## ၈။ အညတရဘိက္ခုဝတ္ထု

မထင်းရှားသောရဟန်းတစ်ပါးသည် တောမီးကိုမြင်၍ ကမ္မဋ္ဌာန်းရှုကာ ပဋိသမ္ဘိဒါလေးပါးနှင့် တကွ ရဟန္တာဖြစ်ပါသည်၊

### ကမ္မဋ္ဌာန်းရှုပုံ

ဤပကတိမီးသည် အငယ်အကြီး အသီးသီးသော လောင်စာကို လောင်ကျွမ်းသွားသကဲ့သို့ အရိယာမဂ်ဟူသော ဉာဏ်မီးဖြင့် သံယောဇဉ် တို့ကို လောင်ကျွမ်းလျက် သွားထိုက်၏၊

အပ္ပမာဒရတော မမေ့မလျော့ခြင်း၌ အလွန်မွေ့လျော်သော၊ မမေ့မလျော့ ခြင်းဖြင့် အချိန်ကို ကုန်လွန်စေသောရဟန်း၊ ၁၇၉

### ပမာဒေ ဘယဒဿိဝါ

ငရဲ၌ဖြစ်ရခြင်းစသော မေ့လျော့ခြင်း၌ ဘေးကို ဘေးအားဖြင့် ရှုသူ၊

တနည်း= မေ့လျော့ခြင်း၏ ငရဲ၌ဖြစ်ရခြင်း စသည်တို့၏ အကြောင်း ဖြစ်သောကြောင့် မေ့လျော့ခြင်းကို ဘေးအားဖြင့်ရှုသူ၊

သံယောဇနံအရ ဝဋ်ဒုက္ခနှင့်တကွ သတ္တဝါတို့ကို ဝဋ်ဆင်းရဲ၌ နှစ်မြုပ်စေခြင်းငှါ စွမ်းနိုင်သော သံယောဇဉ်(၁၀)ပါး၊

## ၉။ နိဂမဝါသိ တိဿတ္ထေရဝတ္ထု

### နိဂမရွာသား နိဂမဝါသိ တိဿထေရ်ဂုဏ်

နည်းသောအလိုရှိ၍ ရသဖြင့်တင်းတိမ်ရောင့်ရဲ၏၊ ကိလေသာ တို့မှ ကင်းဆိတ်၏၊ အားထုတ်အပ်သော ဝီရိယရှိ၏၊ အနာထပိဏ် သူဌေးစသောသူတို့ အလှူပေးရာအခါ ပသေနဒီကောသလမင်း အသဒိသအလှူကို ပြုရာအခါတို့၌ သာဝတ္ထိ မြို့သို့ မသွား၊

http://www.dhammadownload.com



### အထင်လွဲမှား ရဟန်းများ လျှောက်ထား

"ဤနိဂမဝါသီတိဿထေရ်သည် ထ၍ကောင်းစွာထ၍ ဆွေမျိုးတို့နှင့် ရောနှောနေပါ၏၊ အနာထပိဏ်သူဌေးစသောသူတို့ အလှူကြီးပေးရာအခါ ပသေနဒီကောသလမင်း အသဒိသအလှူ လှူရာအခါ မလာပါဘုရား" ဟု လျှောက်ထားကြသည်၊

### မထေရ် ဖြေရှင်းလျှောက်ထား

"အရှင်ဘုရား တပည့်တော်မှာ ဆွေမျိုးတို့နှင့် ရောနှောခြင်းမရှိပါ၊ တပည့်တော်သည် ဤလူတို့ကိုမှီ၍ ခေါင်းပါးသည်မူလည်းဖြစ် မွန်မြတ်သည် မူလည်းဖြစ်သော စားလောက်ရုံ အာဟာရကို ရပါ၏၊ မျှတရုံ အာဟာရကိုရလျှင် အာဟာရကို ရှာမှီခြင်းဖြင့် အကျိုးမရှိ" ဟု ကြံ၍မသွားပါ၊ တပည့်တော်မှာ ဆွေမျိုးတို့နှင့် ရောနှောခြင်းမည်သည် မရှိပါဘုရား"ဟု လျှောက်ထားသည်၊

### ဘုရားလောင်း ကျေးမင်းအလိုနည်း

အတိတ်၌ ဟိမဝန္တာတောင် ဂင်္ဂါမြစ်ကမ်း ရေသဖန်းပင်တော၌ ကျေးသား ပေါင်းများစွာ နေကြရာတွင် ကျေးမင်းတကောင်သည် မိမိနေရာသစ်ပင်၏ အသီးတွေ ကုန်သွားသော်လည်း အခြားသစ်ပင်သို့ မပြောင်းရွှေ့ဘဲ ကြွင်းကျန်သော အရွက်အညွန့် အခေါက်တွေစားပြီး ဂင်္ဂါရေ သောက်ကာနေသည်၊

ထိုကျေးမင်း၏ အလိုနည်းခြင်း ရောင့်ရဲခြင်းဂုဏ်ကြောင့် သိကြားမင်း၏ ဘုံဗိမာန် တုန်လှုပ်သဖြင့် သိကြားမင်းသည် ကျေးမင်းကို စုံစမ်းလို၍ မိမိအာနုဘော်ဖြင့် ရေသဖန်းပင်ကို ခြောက်စေပြီး လဲကျ

http://www.dhammadownload.com



စေသည်၊ သစ်ငုတ်မျှသာ ကျန်တော့၍ အပေါက်ငယ် အပေါက်ကြီးဖြစ်ပြီး လေတိုက်တိုင်း ခေါက်လိုက်သလို အသံတွေမြည်နေသည်၊

သို့သော်လည်း ထိုသစ်ငုတ်၏ အခေါင်းမှထွက်သော အမှုံတွေစား ဂင်္ဂါရေကို သောက်ပြီး ဘယ်ကိုမှမသွား လေနေပူကို ဂရုမစိုက်မူ၍ သစ်ငုတ်တိုမှာ ဖြစ်သလို နေသည်၊

ပါဠိစီ ရုက္ခော ဩဘဂ္ဂေါ ခါဏုမတ္တော ဆိဒ္ဒါ၀ ဆဒ္ဒေါ၀ ဟုတွာ ဝါတေ ပဟာရန္တေ အာကောဋိတော ဝိယ သဒ္ဒံ နိစ္ဆာရေန္တော အဋ္ဌာသိ၊

ဓာတ်ပေါင်းခဏ်း သိကြားမင်း–အာနန္ဒာ၊ ကျေးမင်း–မြတ်စွာဘုရား၊

ပါဠိစီ ဘိက္ခဝေ အပိစ္ဆတာနာမေသာ မမ တန္တိ မမ ပဝေဏီ၊ အနစ္ဆရိယာ မမ ပုတ္တဿ နိဂမဝါသီတိဿဿ မာဒိသံ အာစရိယံ လဘိတွာ အပ္ပိစ္ဆတာ၊ ဘိက္ခုနာ နာမ နိဂမဝါသီတိဿေန ဝိယ အပ္ပိစ္ဆေနေ၀ ဘဝိတဗ္ဗံ၊

အပ္ပမာဒရတော ဘိက္ခူ၊ ပမာဒေ ဘယဒဿိဝါ၊
အဘဗ္ဗော ပရိဟာနာယ၊ နိဗ္ဗာနဿေဝ သန္တိကေ၊
"သမထဝိပဿနာဓမ္မေဟိ ဝါ မဂ္ဂဖလေဟိ ဝါ ပရိဟာနာယ အဘဗ္ဗော" ဟုထည့်ပေးပါ၊

နိဂမဝါသီတိဿတ္ထေရဝတ္ထု ပြီးပါပြီ။
အပ္ပမာဒဝဂ် ပြီးပါပြီ။

http://www.dhammadownload.com



## သချာ်ဝါရ

| | | |
|---|---|---|
| ဗုဒ္ဓပါရမီဖြည့်ရာကာလ | ၄ သင်္ချေနှင့်ကမ္ဘာတစ်သိန်း၊ | ၅၂ |
| အဂ္ဂသာဝက ပါရမီဖြည့်ရာကာလ | ၁ သင်္ချေနှင့်ကမ္ဘာတစ်သိန်း၊ | ၆၆ |
| ကျိုတိုက်စိုးစာရေးအခြံအရံ | ၁ သိန်း ၂ သောင်း | ၆၄ |
